ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ တနင်္ဂနွေနေ့၊ (19-11-2006) (၅၁၄၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၀၆ ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှုင်ယဉ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဗိုလ်ချုပ်မြင့်လှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ပြိုင်ပွဲဝင်ဘောလုံးအသင်းများက စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အနိုင်ရရှိ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းက ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

တပ်မတော် ကာကွယ်ရေး **ဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် (၄၅) ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

“ဒီနေ့ကာလမှာ နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ ဆူပူအုံကြွမှုတွေဖြစ်လာအောင် ပြည်သူတွေအတွင်းမှာ လုပ်ကြံဖန်တီးလို့ဆော်နေတဲ့ အဖြူရောင်လှုပ်ရှားမှုတို့၊ လူထုဆန္ဒပြလွှာ လက်မှတ်ရေးထိုးမှုတို့၊ ငြိမ်းချမ်းရေး ဝတ်ပြုဆုတောင်းပွဲတို့ ဆိုတဲ့ နိုင်ငံရေးစတန့်လုပ်ပွဲတွေနဲ့ ပြည်သူတွေကို လိမ်ပြီးရင်းလိမ်နေတာဟာ ဘာကမှုမဆန်းတဲ့ နိုင်ငံရေး မီးရှူးမီးပန်းလွှတ်တာတွေပဲ ဖြစ်သဗျ”

ပေါက်စ၏ **“တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်နေသော ပါတီနိုင်ငံရေးစတန့်”**

(ဆောင်းပါး) စာမျက်နှာ–၈/၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉–၁၁–၂၀၀၆
(တနင်္ဂနွေနေ့)

ပျံ့သန်းမှုအရည်အချင်း မြင့်မားအောင်ကြိုးပမ်း နိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်

တပ်မတော်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်သစ်၏ ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်ကို တည်ဆောက်နေသည်။ သို့မှသာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။

တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေချိန်တွင် နည်းပညာစွမ်းရည်မြင့်မားသော ခေတ်မီလေယာဉ်၊ ရဟတ်ယာဉ်များကို ကျွမ်းကျင်စွာ မောင်းနှင်ပျံသန်းနိုင်မည့် လေသူရဲများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်းအမှတ်(၁) လေယာဉ်မောင်းသင်တန်းကျောင်း၏ အမှတ်စဉ်(၆၈)လေယာဉ်မောင်းသင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၁၇ ရက်နေ့က မိတ္ထီလာမြို့ ရှမ်းတဲရှိ လေကြောင်းအတတ်သင် လေတပ်စခန်း စစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။

လေသူရဲတစ်ဦး၏ အရေးအကြီးဆုံးဂုဏ်သည် ပျံသန်းမှုအရည်အချင်းပင်ဖြစ်သည်။ မိမိ၏ လေယာဉ်ကို စွမ်းအားပြည့် ပျံသန်းပြီး တာဝန်ထမ်းဆောင်နိုင်ရန် တစ်ဦးချင်း၏ ကျန်းမာရေးနှင့် ကြံ့ခိုင်ရေး နှစ်ရပ်စလုံး ပြည့်စုံနေရန် အထူးလိုအပ်သည်။ ထို့အပြင် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် လေကြောင်းစွမ်းအားနှင့် လေယာဉ်စွမ်းပကားများ၊ လေကြောင်းရန်ကာကွယ်ရေးနှင့် ဆက်သွယ်ရေးကွန်ရက်များကိုလည်း မှန်ကန်စွာ သိရှိသုံးသပ်နိုင်ရန် လေ့လာနေကြရမည်ဖြစ်သည်။

သင်တန်းဆင်းလေသူရဲများသည် တာဝန်ကျရာ လေယာဉ်၊ ရဟတ်ယာဉ် အမျိုးအစားအလိုက် ပျံသန်းမှုတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ရာ သင်တန်းကရရှိခဲ့သည့် ပညာရပ်များနှင့် မိမိထက် အတွေ့အကြုံရင့်ကျက်သော လေသူရဲများထံမှ တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများကို နည်းနာခံယူပေါင်းစပ်ပြီး တိုက်ပွဲဝင်လေသူရဲကောင်းများဖြစ်ရေး ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်၍ သင်တန်းဆင်းလေသူရဲများသည် ကြီးမားသည့် တာဝန်များကို ထမ်းဆောင်ရာတွင် လေသူရဲတစ်ဦး၌ရှိရမည့် ကိုယ်ရည်ကိုယ်သွေးအစဉ်အလာများနှင့်အညီ ပျံသန်းမှုအရည်အချင်းမြင့်မားအောင် ကြိုးပမ်းအားထုတ်ရင်း နိုင်ငံတော်က အားထားရမည့် လေသူရဲကောင်းများအဖြစ် နိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို ဆက်လက်ကာကွယ်စောင့်ရှောက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများကိုအမှူးထားလျက် ရန်ကုန်မြို့ ပါရမီရိပ်သာ ရန်ကင်းမြို့နယ် စံပါယ်ရုံ(၂)လမ်းသွယ်နေ ဗိုလ်မှူးခင်မောင်ထွန်း–ဒေါ်ဝင်းဝင်းမြင့် နှင့်သားကြီး မောင်ကျော်ဇေယျ(ဒုတိယနှစ်၊ အင်္ဂလိပ်စာ YUDE)၊ သားငယ် မောင်ကျော်သီဟ(ပထမနှစ်၊ ဆေးတက္ကသိုလ်–၁) မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်း နှင့် (ဂမုန်းပွင့်–ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓာတ်အားခွဲရုံ မြေအောက်ဓာတ်ကြိုးလဲလှယ်မှုလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့ ဟံသာဝတီအဝိုင်းအနီးရှိ 33/6.6 KV တိုက်ဂါးအလီ ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာချုပ် ဦးခင်မောင်ဝင်းက အဆိုပါဓာတ်အားခွဲရုံသို့ ဆင်မလိုက်ဓာတ်အားခွဲရုံနှင့် ရန်ကုန်–အင်းစိန်ဓာတ်အားခွဲရုံတို့မှ လျှပ်တာပြောင်းအိုးများဖြင့် ဓာတ်အားလက်ခံရယူ၍ ကမာရွတ်၊ ဗဟန်းနှင့် စမ်းချောင်းမြို့နယ်များအတွင်းသို့ ဓာတ်အားဖြန့်ဖြူးပေးမှုများကို ရှင်းလင်းတင်ပြသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ရွှေပြည်သာမြို့နယ် စက်မှုဇုန်အမှတ်(၃)ရှိ Yangon Crown Wire Cable Factory Co.Ltdတွင် ကုန်ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်းရှိ ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် ထရန်စဖော်မာ တပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လက်ရှိ တိုက်ဂါးအလီ ဓာတ်အားခွဲရုံမှ တစ်ဆင့် ဓာတ်အားပေးထားသော မြေအောက်ဓာတ်ကြိုးလဲလှယ်မှု ဆောင်ရွက်နေခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မြေအောက်ဓာတ်ကြိုးဌာနမှ ဌာနမှူး ဦးကိုကိုနိုင်က မြေအောက်ဓာတ်ကြိုးဌာနမှ အစားထိုးလဲလှယ်တပ်ဆင်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းအားလုံး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၃) ဦးရွှေပင်လမ်းရှိ Yangon Crown Wire Cable Factory Co., Ltd သို့ ရောက်ရှိပြီး ကုမ္ပဏီရုံးခန်း၌ စက်ရုံမှူး ဦးဇင်မျိုးဦးက မိမိတို့စက်ရုံမှ ထုတ်လုပ်သောပစ္စည်းများအကြောင်းနှင့် ဈေးကွက်တင်ပို့ ရောင်းချမှုအကြောင်းတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးရှောင်ဆန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက နိုင်ငံခြားမှ မှာယူတင်သွင်းရန်မလိုဘဲ ပြည်တွင်းမှာပင် အရည်အသွေးပြည့်မီသော Wire နှင့် Cable များ ထုတ်လုပ်သွားစေလိုကြောင်းနှင့် လျှပ်စစ်စွမ်းအား မြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် စက်များလည်း တိုးချဲ့တပ်ဆင်လျက်ရှိကြောင်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်၊ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားမှု၊ ကြေးပေါင်းနေမှု၊ Two Cover(3036)ထုတ်လုပ်နေမှု၊ Under Ground Cable ကြိုးများ ထုတ်လုပ်နေမှု၊ သွပ်ကြိုးနှစ်ချောင်း Wire ကြိုးဆိုဒ်အမျိုးမျိုး ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး Wire ကြိုးများ ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုကြပြီး ဝန်ကြီးက လျှပ်စစ်စွမ်းအား မြှင့်တင်ရေးအတွက် ကောင်းမွန်ခိုင်ခံ့သော Wire ကြိုးအမျိုးမျိုးကို ထုတ်လုပ်ပေးစေလိုကြောင်း၊ နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရန်မလိုဘဲ မိမိတို့ပြည်တွင်းမှ ထုတ်လုပ်ခြင်းကို အားပေးကူညီလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁၅၇) စက်မှုဇုန် (၃)ရှိ ပြည်ပသွင်းကုန် အစားထိုးသံရည်ကျို စက်ရုံသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပြည်ပအစားထိုး ပြည်တွင်းဖြစ် ပစ္စည်းများကို အရည်အသွေးမီ ထုတ်လုပ်ပေးရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ် (၂၅/၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက သင်တန်းထူးချွန်ဆုရ သင်တန်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၅)

အထက(၁)မုဒုံ မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

မုဒုံမြို့ အထက(၁)(ယခင်ရှင်အရဟံ အထက်တန်းကျောင်း)၏ ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရှင်အရဟံခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၁၇ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဦးသန်းတင်အောင်(ဗိုသုကာ–မုဒုံအသင်း) ဖုန်း ၀၁–၆၆၂၂၆၃၊ ဦးမန်းမြခိုင်(ကျောင်းအုပ်ကြီး)ဖုန်း ၀၅၇–၇၀၀၁၈(ရုံး)၊ ၀၅၇–၇၀၄၇၆(အိမ်)၊ ဦးပြည်စိုး ဖုန်း ၀၅၇–၇၀၀၈၃၊ ဒေါက်တာတင်ရွှေ ဖုန်း ၀၅၇–၇၀၁၆၂၊ ဦးခင်စိုး ဖုန်း ၀၅၇–၇၀၃၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကမာရွတ်မြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ညွန့်က ငါးနှစ်ဆက်တိုက် ဆုရရှိသူ Grade- 5 မှ မောင်အောင်သူရဖြိုးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပုဇွန်တောင်မြို့နယ် ပထမအကြိမ် ဓမ္မပူဇာအထူးတရားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅)ရပ်ကွက် သံဃဒါနဆွမ်းလောင်းအသင်း၏ (၅၉)ကြိမ်မြောက် ဆွမ်းအောင်ပွဲ အထိမ်းအမှတ် ပထမအကြိမ် ဓမ္မပူဇာအထူးတရားပွဲကို ညောင်တန်းအိမ်ရာ ညောင်တန်းလမ်းသွယ်(၁)၌ နိုဝင်ဘာ၂၄ ရက် ည၇နာရီတွင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန်ဆရာတော်)က လည်းကောင်း၊ နိုဝင်ဘာ၂၅ရက် ည ၇ နာရီတွင် ဘဒ္ဒန္တ အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်) မဟာဓမ္မာစရိယ M.A (Buddhism) ကလည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက် ည ၇ နာရီတွင် ဒေါက်တာအရှင်ကောဝိဒ ဓမ္မကထိက ဗဟုဇနဟိတရေ ကမ္မဋ္ဌာနာစရိယ သာသနာ့တက္ကသီလဓမ္မာစရိယ (မဈ္ဈိမဂုဏ်ရည်ဆရာတော်) ကလည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက် ည ၇နာရီတွင် ပြည်တော်ဦးဆရာတော် အရှင်ပဏ္ဍိစ B.A(Myanmar) ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ရောက်ရှိလာသည်။

ရှေးဦးစွာ ဧည့်ခန်းမဆောင်၌ ဝန်ကြီးအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မြင့်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းရပ်များ၊ ကျန်းမာရေးအခြေအနေ၊ အလုပ်အကိုင် နေရာချထားမှုတို့ကို လည်းကောင်း၊ ကျောင်းအုပ်ချုပ်ရေးမှူး ဒေါ်ခင်ဝင်းနွယ်က ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျောင်း၏ လက်ခံနိုင်သော လူဦးရေ၊ နေ့စဉ် ကျွေးမွေးမှု၊ တစ်နေ့တာလုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အလားတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြနှင့် အဖွဲ့ဝင်များက အမျိုးသမီးများ ကျန်းမာရေးနှင့် အာဟာရအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ရောက်ရှိလာရာ သင်တန်းကျောင်းခန်းမ၌ ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက အမျိုးသမီး ကလေးများအား သင်တန်းကျောင်း၏ ပြုစုစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ ကျောင်းအုပ် ဒေါ်ခင်နှင်းကြည်က သင်တန်းကျောင်း၏ ဖွဲ့စည်းပုံ၊ ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ အလုပ်အကိုင် နေရာချထားပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အိပ်ဆောင်များ၊ စားရိပ်သာ၊မီးဖိုဆောင်နှင့် စက်ချုပ်သင်တန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသူများအား အားပေးစကား ပြောကြားသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ သင်တန်းသူများ ဇာထိုး၊ ပန်းထိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆီမီးထွန်းညှိ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် သာသနာရေးဝန်ကြီး ဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်တို့ နိုဝင်ဘာ၁၄ ရက်ကကျင်းပသည့် ဒီပါဝလီပွဲတော် အထိမ်းအမှတ် အခမ်းအနားတွင် မင်္ဂလာဆီမီးတိုင်ကို ဆီမီးထွန်းညှိကြစဉ်။

(သတင်း–ဖော်ပြပြီး)(သတင်းစဉ်)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့်ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များသည် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ)ဖုန်း–၀၆၇–၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၂၇၆၀၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၁–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅ ထက်မြက်ထူးခြား Aikido အားကစား
၇း၃၀ တေးဂီတအစီအစဉ်
၇း၃၅ Sunday Talk (ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ဆရာဦးမြင့်လွင် (သန့်–တည်–ပွား)ဟောပြောဆွေးနွေးသော“အပါယ်ပိတ်တရား(အပိုင်း–၄) (ဝိပဿနာအဓိပ္ပာယ်နှင့် ဘာကြောင့်အားထုတ်သင့်သလဲ)
၈း၄၅ နိုင်ငံတကာအနုပညာရေးရာ
၉း၁၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ ဂျာမနီရုပ်ရှင်ရိုက်ကွင်း အမှတ်တရ
၁၀း၀၅ မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ World's Wonder
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅ Language Lab (အမက–၂) ကမာရွတ်
၁၁း၀၅ တေးဂီတအစီအစဉ်
၁၁း၁၀ အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရင်းမြစ်
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ မိသားစုတနင်္ဂနွေ (စွယ်တော်မြတ်စေတီ)
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ ထူးမြတ်သာသနာ သဲအင်းဝိပဿနာ
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက် (၁)	5-Sports
၇း၃၀	ပွဲကြိုသုံးသပ်ချက် (၂)	5-Sports(Live)
၇း၅၅	Wigan-Aston Villa	5-Sports(Live)
၁၀း၂၅	Blackburn-Tottenham	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Roma-Catania	5-Series(Live)

ရန်ကုန်စက်မှုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၈၃ ခုနှစ် ကျောင်းဆင်းမြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၂၃ ရက် (စနေနေ့) ညနေ ၅နာရီတွင် ကရဝိက်နန်းတော် (ဥတ္တရခန်းမ)၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ဦးမောင်ငွေ ဖုန်း–၀၉၅၁၃၇၈၃၈၊ ဒေါ်မူမူမြင့် ဖုန်း–၀၉၅၁၅၂၈၉၂၊ ဦးမောင်မောင်တင် ဖုန်း–၀၉၅၀၀၁၈၄၈၊ ဦးစောသိန်း ဖုန်း–၀၉၉၉၂၈၇၆၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အင်အားအသင့်အတင့် မြေငလျင်လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၈ ရက် မြန်မာစံတော်ချိန် ၂၀နာရီ ၂၈မိနစ် ၁၅ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏တောင်ဘက် မိုင် ၈၅၀ ခန့် ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၁၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် (၈၇)လမ်းနှင့် (၈၈)လမ်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၁၀၀၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ၃၀၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ၃၀၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ အမှိုက်ရှင်းလင်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်လင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ပြည်တွင်းစစ်ညွှန်ထဲအီရတ်နစ်မြုပ်နေကြောင်း ပြင်သစ်ဝန်ကြီးချုပ် ပြောကြား

လီလီ(ပြင်သစ်) နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံသည် ပြည်တွင်းစစ်အတွင်း ရောက်ရှိနေပြီဖြစ်ပြီး အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်မှုကြောင့် ထပ်မံ၍ တည်ငြိမ်မှုမရှိဖြစ်နေကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဗီလက်ပင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန် စစ်ဘက်၏ စစ်ရေးဆင်နွှဲမှုသည် အောင်မြင်မှု မရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်တွင်အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုသည် အထမြောက်ခြင်းမရှိခဲ့ဘဲ စိုးရိမ်သောကရောက်မှု၊ သဘောထားကွဲလွဲမှုများ၊ မတည်မငြိမ်ဖြစ်မှုများနှင့် အနောက်အုပ်စုအတွက် ရန်လိုသောတိုက်ခိုက်မှုများသာ တိုးမြင့်ပေါ်ပေါက်ခဲ့သည်ဟု ၎င်းက လီလီတက္ကသိုလ်တွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်း ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဂိုဏ်းဂဏတိုက်ခိုက်မှုများဖြစ်ပွားနေပြီး ပြည်တွင်းစစ်ညွှန်အတွင်း နစ်နေသော်လည်း အမေရိကန်က လက်မခံဘဲ ငြင်းဆိုလျက်ရှိသည်။

ကသောင်းကနင်း

အီရတ်တွင် ပြည်တွင်းစစ်ဖြစ်နေပြီး ကသောင်းကနင်း ဖြစ်ပွားနေကြောင်း၊ အမေရိကန်က အီရတ်နိုင်ငံတွင် ကောင်းကျိုးဖြစ်ထွန်းရန် ရည်ရွယ်သည်ဟု ဆိုသော်လည်း ဆန့်ကျင်ဘက်အားဖြင့် ဒုက္ခသံသရာဝဲဩဃတွင် နစ်မြုပ်နေရကြောင်း ဗီလက်ပင်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပူးတွဲကင်းလှည့်မှုကြောင့် မလက္ကာ ရေလက်ကြားတွင် ရာဇဝတ်မှုများ လျော့ပါးလာ

ဂျကာတာ နိုဝင်ဘာ ၁၇

မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ၂၀၀၂ ခုနှစ် ဇူလိုင်လ နောက်ပိုင်းမှစတင်၍ ပူးတွဲကင်းလှည့်စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့မှုကြောင့် မလက္ကာရေလက်ကြားတွင် ရာဇဝတ်မှု ထူးခြားစွာ ကျဆင်းလာခဲ့ကြောင်း အင်ဒိုနီးရှား ရေတပ်စစ်ဦးစီးချုပ် ဆိုဘီဂျန်တိုက ပြောကြားသည်။

နိုင်ငံသုံးနိုင်ငံ၏ ပူးတွဲလုံခြုံရေးထိန်းချုပ်မှုကြောင့် မလက္ကာရေလက်ကြားတွင် ရာဇဝတ်မှုနှုန်း လျော့ပါးစေရန် ဆောင်ရွက်ရာတွင် အောင်မြင်မှုရှိခဲ့ကြောင်း၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ကဲ့သို့ ယင်းရေလက်ကြားကိုအသုံးပြုသည့် သင်္ဘောများကလည်း ယင်းအောင်မြင်မှုကို ချီးကျူးခဲ့ကြကြောင်း အင်တာရာသတင်းဌာနက ဖော်ပြသည်။

အဆိုပါရေလက်ကြားတွင် ၂၀၀၄ ခုနှစ်က ပင်လယ်ဓားပြတိုက်မှုနှင့် လုယက်မှု ၃၀ ရှိခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ၁၅ မှုရှိခဲ့ပြီး ၂၀၀၆ ခုနှစ်ယခုအချိန်အထိ နှစ်မှုသာရှိကြောင်း ဆိုဘီဂျန်တိုက ပြောကြားသည်။

ဖော်ပြပါအောင်မြင်မှုနှင့်အတူ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အကျိုးဖြစ်ထွန်းမှုအပေါ် အသိအမှတ်ပြုရန် ဝန်မလေးကြစေလိုကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မီးခိုးမြူများ ဆိုင်းနေသည့် တရုတ်နိုင်ငံ ဆူနင်မြို့အတွင်း ဆိုင်ကယ်ဖြင့် သွားလာနေသူတစ်ဦးကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ မြောက်ပိုင်း ကာရိုလိုင်းနားပြည်နယ်၌တော်နေဒိုးမုန်တိုင်း တိုက်ခတ် သွားပြီးနောက် အပျက်အစီးများ ပြန့်ကြဲနေသည်ကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ကင်းလှည့်

သီရိလင်္ကာရေတပ်မှ ရေယာဉ်များ ဂျက်ဖနာကျွန်းဆွယ်ဒေသတွင် ကင်းလှည့်နေသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ပါကစ္စတန်နှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ထူထောင်လိုကြောင်း အိန္ဒိယဝန်ကြီးပြောကြား

နယူးဒေလီ နိုဝင်ဘာ ၁၇

အိန္ဒိယနိုင်ငံသည် ပိုမိုကောင်းမွန်သည့် အနာဂတ်ကာလသို့ လျှောက်လမ်းနိုင်ရန် အဆင်သင့်ရှိနေပြီး ပါကစ္စတန်နှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးထူထောင်လိုကြောင်း၊ သို့ရာတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပါက သံတမန်ရေးညှိနှိုင်းနေသည့်ကိစ္စရပ်များကို ထိခိုက်နိုင်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး မူခါဂျီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မျှဝေခံစား

နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုက အဖွဲ့အစည်းအားလုံး၏ အကျိုးကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက မိမိတို့၏ ချမ်းသာကြွယ်ဝရေး လှုပ်ရှားမှုအသီးအပွင့်ကို မျှဝေခံစားနိုင်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အိန္ဒိယတိုက်ငယ်၏ အနာဂတ်သည် ပွင့်လင်းမှု ရှိ၊ မရှိအပေါ် မူတည်နေကြောင်း၊ ယင်းကဏ္ဍနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံအနေဖြင့် ဘက်ပေါင်းစုံတွင် တိုးချဲ့လုပ်ကိုင်ရန် စိုင်းပြင်းထားပြီး တောက်ပသည့် အနာဂတ်လမ်း လျှောက်လှမ်းရန် ရည်သန်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

အာဖဂန်၌ ကြေးနီ တူးဖော်ရေးလုပ်ငန်းအတွက် ပြည်ပကုမ္ပဏီကိုးခုကို ပဏာမရွေးချယ်ထား

ကဘူး နိုဝင်ဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် အေနက်ခ်ကြေးနီသတ္တုသိုက်ရှာဖွေတူးဖော်ရေးလုပ်ငန်းအတွက် ပြည်ပကုမ္ပဏီကိုးခုမှ လေလံအဆိုပြုလွှာများကို အစိုးရက လက်ခံရရှိထားကြောင်း အောက်လုခ်အမည်ရှိသတင်းစာက နိုဝင်ဘာ ၁၄ ရက် တွင် ရေးသားဖော်ပြသည်။

လိုဂါပြည်နယ် အလယ်ပိုင်းတွင် တည်ရှိသော သတ္တုမိုင်းတွင်းလုပ်ငန်းလုပ်ကိုင်မည့်ကုမ္ပဏီကို အာဖဂန်နစ္စတန်နိုင်ငံက လေးလမှငါးလအတွင်း အပြီးသတ် ရွေးချယ်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ သတ္တုလုပ်ငန်းဌာန ဝန်ကြီး အေဘရာဟမ်အာဒယ်လ်၏ ပြောကြားချက်ကိုသတင်းစာတွင် ရေးသားဖော်ပြထားသည်။

ရွေးချယ်

လေလံ အဆိုပြုလွှာများကို တင်ပြထားသော ပြည်ပနိုင်ငံမှာ စုစုပေါင်း ၁၃ နိုင်ငံရှိသော်လည်း ပဏာမရွေးချယ်မှုတွင် ကုမ္ပဏီ ကိုးခုကိုသာ ရွေးချယ်ထားကြောင်း၊ ယင်းကုမ္ပဏီများမှာ တရုတ်၊ ရုရှား၊ ကနေဒါ၊ အမေရိကန်၊ ဩစတြေးလျ၊ ကာဇက်စတန်၊ အိန္ဒိယနိုင်ငံတို့မှ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကြေးနီသိုက်ကြီးများတွင် အေနက်ခ်သိုက်သည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ခန့်မှန်းခြေအားဖြင့် ထိုသိုက်မှ ကြေးနီ တန် ၁၂ သန်းခန့် တူးဖော်နိုင်ကြောင်းအာဒယ်လ်ကပြောကြားသည်။

အေနက်ခ်သည် ကမ္ဘာ့ကြေးနီဈေးကွက်၏ နှစ်ရာခိုင်နှုန်းကို နှစ်စဉ်ထုတ်လုပ်လျက်ရှိသည်။ အလားတူ ကျောက်မီးသွေးနှင့် အခြားသောသတ္တုများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။

အခွင့်အလမ်းများရရှိ

အာဖဂန်နိုင်ငံတွင် မိုင်းသတ္တုတူးဖော်ရေးလုပ်ငန်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကြောင့် နိုင်ငံသား ၃၀၀၀ အတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါ၌နှင်းတောင်ပြိုကျ တောင်တက်သမားများပျောက်ဆုံး

ခတ္တမန္ဒူ နိုဝင်ဘာ ၁၇

နီပေါနိုင်ငံ အရှေ့ပိုင်းရှိ ဟိမဝန္တာတောင်တွင် နှင်းတောင်ပြိုကျမှုကြောင့် နိုင်ငံခြားသား တောင်တက်သမားသုံးဦးနှင့် လမ်းပြသူများ ပျောက်ဆုံးလျက်ရှိကြောင်း၊ ၎င်းတို့သည် ဟိမဝန္တာတောင်ထိပ်ပေါ်သို့တက်ရန် ကြိုးပမ်းနေစဉ် ယင်းသို့ ဖြစ်ပွားခြင်း ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ခတ္တမန္ဒူမြို့အရှေ့ဘက် ကီလိုမီတာ ၁၃၀ အကွာရှိ ၆၈၁၂ မီတာအမြင့်ရှိသော အာမာဒါဘလမ်တောင်တွင် ၎င်းတို့စခန်းချရာနေရာ၌ အိပ်ပျော်နေကြစဉ် နိုဝင်ဘာ ၁၃ ရက်က အဆိုပါအဖြစ်မျိုးနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူ လော့ခ်ဘာဟာဒူးကာထရီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ညဉ့်နက်ပိုင်းက တောင်တက်သမားများ စခန်းချနားနေရာတစ်ဝိုက်တွင် နှင်းထုများ ပြိုကျလာခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကို ရှာဖွေရန်အတွက် ဧဝရက်တောင်အနီးဒေသသို့ ရဟတ်ယာဉ်တစ်စင်း စေလွှတ်ထားကြောင်း ကာထရီက ပြောကြားသည်။

ဖိနပ် သို့မဟုတ် အဝတ်အစားပုံစံမျိုးကိုသာ ရဟတ်ယာဉ်ပေါ်မှ မြင်တွေ့ရပြီး တောင်တက်သမားများနှင့်ပတ်သက်သော မည်သည့် သဲလွန်စကိုမျှ မတွေ့ရှိကြောင်း ရဟတ်ယာဉ်မှူးများက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်–ဗီယက်နမ်စီးပွားရေးတိုးချဲ့ဆောင်ရွက်မည်
သမ္မတဟူကျင်တောင် ခရီးစဉ်အတွင်း ကြေညာချက်ထုတ်ပြန်

ဟန္နွိုင်း နိုဝင်ဘာ ၁၈

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ချဲ့ထွင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့ကြသည်။

ထုတ်ပြန်ကြေညာ

နှစ်နိုင်ငံတို့သည် အသစ်ချဲ့ထွင်နိုင်မည့် နယ်ပယ်များကို တိုးချဲ့ရှာဖွေခြင်း၊ လက်ရှိကုန်သွယ်ရေးကို မြှင့်တင်ခြင်းများကို ကြိုးပမ်းသွားမည်ဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးကို ၂၀၁၀ ပြည့်နှစ် အရောက်၌ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ တန်ဖိုးအထိ ရောက်အောင် တိုးချဲ့မည်ဖြစ်ကြောင်း သိရသည်။ ယင်းထုတ်ပြန်ချက်များကို ဗီယက်နမ်နိုင်ငံသို့ တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်ရောက်ရှိနေစဉ်အတွင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေး

ထိုခရီးစဉ်အတွင်း တရုတ်သမ္မတ ဟူကျင်တောင်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေ အတွင်းရေးမှူး နွန်ဒတ်မန်၊ သမ္မတ ရင်မန်၊ ဝန်ကြီးချုပ်ငုရင်သန်ဒေါင်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ငုရင်ဖူသရောင်တို့နှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ကြေညာ

ကုန်သွယ်ရေးကိုမျှမျှတတတိုးတက်လာစေရေး၊ အခြေခံ အဆောက်အအုံ၊ စက်မှု၊ စွမ်းအင်နှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများတွင် တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို တွဲဖက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဖော်ပြ

ဗီယက်နမ်နိုင်ငံ ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့တွင် အဖွဲ့ဝင် ဖြစ်လာသည်ကို တရုတ်နိုင်ငံအနေဖြင့် ဝမ်းမြောက်ကြိုဆို ကြောင်းကိုလည်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

ကတိကဝတ်ပြု

ထိုမျှသာမကသေး၊ တောင်တရုတ် ပင်လယ်ဒေသအတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးကို နှစ်ဖက်စလုံးက ကြိုးပမ်းအကောင်အထည်ဖော်သွားကြမည် ဖြစ်ကြောင်းကိုလည်း ကတိကဝတ်ပြုခဲ့ကြသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဩစတြေးလျနိုင်ငံ ပါ့တ်သ်မြို့အနီး ကျင်းပသည့် လေကြောင်းပြိုင်ပွဲတွင် လေယာဉ်များ အုပ်စုဖွဲ့ပျံသန်းနေကြသည်ကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရုရှားနိုင်ငံတွင် အရက်အဆိပ်သင့်မှုကြောင့် လူ ၄၀၀ ကျော်သေဆုံး

မော်စကို နိုဝင်ဘာ ၁၇

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အရက်ပုန်းဆိုင်တစ်ဆိုင်မှ မသန့်ရှင်းသော အရက်များသောက်သုံးမှုကြောင့် အဆိပ်သင့်မှုဖြစ်ကာ လူ ၄၀၆ ဦး သေဆုံးသွားကြောင်း စားသုံးသူ အကျိုး စောင့်ကြည့်ရေးအေဂျင်စီက အင်္ဂါနေ့တွင် ပြောကြားသည်။

ပြောကြား

နိုင်ငံအတွင်းရှိ ဒေသ ၁၈ခုမှ အဆိုပါမသန့်ရှင်းသော အရက်သောက်သုံးသူ ၁၀၀၀၀ အား ကျန်းမာရေးစစ်တမ်းကောက်ယူခဲ့ရာ အချို့မှာ အသည်းအဆိပ်သင့်ရောဂါ ဖြစ်ပွားမှုကြောင့် အသည်းအစားထိုး ကုသမှုခံယူရလျက်ရှိကြောင်း စားသုံးသူ အကျိုးစောင့်ကြည့်ရေး ကြီးကြပ်မှုအဖွဲ့ အကြီးအကဲဖြစ်သူ ဂျင်နာဒီအော်နစ်ချင်ကိုက အီတာတာ့စ်သတင်းအေဂျင်စီသို့ ပြောကြားသည်။

သေဆုံး

အာကူစကီး၊ ချယ်လ်ဟာစကီးနှင့် ဘယ်ရိုရှော့ဒ်ဒေသအတွင်းရှိ ဒေသခံ ၁၀၇ ဦးအနက် ၁၆ ဦးမှာ ယင်းရောဂါကြောင့်၂၄နာရီအတွင်းသေဆုံးကြောင်း အော်နစ်ချင်ကိုက ပြောကြားသည်။

လွန်ခဲ့သည့် လအနည်းငယ်ခန့်က ရုရှားနိုင်ငံအတွင်း အသည်းအဆိပ်သင့်ရောဂါ ဖြစ်ပွားမှုကြောင့် စုစုပေါင်း လူ ၄၀၆ ဦးတို့ သေဆုံးသွားကြောင်း ၎င်းကပြောကြားသည်။

တောင်းဆို

နိုင်ငံအတွင်း အရက်အဆိပ်သင့်ဖြစ်မှုများပြားလာသည့်အလျောက် ပြည်သူများအား အသိပေးလှုံ့ဆော်ရန်၊ အရက်ပုန်း အရောင်းဆိုင်များအား တိုက်ဖျက်ရန်နှင့် ယမကာလုပ်ငန်းကို အစိုးရက ချုပ်ကိုင်လုပ်ဆောင်သွားရန် တောင်းဆိုမှုများရှိလာကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဗုံးပေါက်ကွဲမည့်သတင်းကြောင့် ပါရီမြို့လယ်ရှိအဆောက်အအုံမှ လူ ၃၀၀၀ခန့်ကို ရွှေ့ပြောင်းပေးခဲ့ရ

ပါရီ နိုဝင်ဘာ ၁၇

ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်သည့် သတိပေးချက် ပေါ်ထွက်ခဲ့ပြီးနောက် ပြင်သစ်နိုင်ငံ ပါရီမြို့လယ်ရှိ တူးမောင်ပါနက်ဆီ အဆောက်အအုံ တစ်ခုမှ လူ ၃၀၀၀ ခန့်ကို နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

ဗုံးပေါက်မည်ဟူသည့် သတိပေးချက်ကို ဂရင်းနစ်စံတော်ချိန် ၁၅ နာရီ မိနစ် ၃၀ က ရရှိခဲ့သည်ဟု ပါရီရဲဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အနံ့ခံခွေးများနှင့် ဗုံးကျွမ်းကျင်သူများက ဖော်ပြပါ အဆောက်အအုံကို ရှာဖွေမှုများပြုလုပ်ကြသည်။

ယင်း ဖြစ်ရပ်ကြောင့် လုပ်ငန်းကိုင်ငန်း ထိခိုက်မှုမရှိဟု ပါရီဒေသန္တရ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တိုက်ဖုန်းမုန်တိုင်းတိုက်ခတ်သွားပြီးနောက် မနီလာမြို့ ဆင်ခြေဖုံးဒေသ၌ ရေကြီးနေသည်ကို နိုဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကူးတို့သင်္ဘောမှ ပျောက်ဆုံးနေသည့်ခရီးသည် ဘယ်လ်ဂျီယံသို့ ပြန်လည်ရောက်ရှိ

လန်ဒန် နိုဝင်ဘာ ၁၇

ပျောက်ဆုံးနေခဲ့သည့် ခရီးသည်နှစ်ဦးကို ဘယ်လ်ဂျီယံနိုင်ငံတွင် ဘေးမသီရန်မခပြန်တွေ့ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျောက်ဆုံး

ပရိုက်အော့ဖ်ကင့် ကူးတို့သင်္ဘောသည် ဒိုဗာမြို့မှ ခရီးထွက်လာကာ ကယ်ယိတ်စ်မြို့တွင် ဆိုက်ကပ်ပြီးနောက် အသက် ၂၀နှင့် ၂၅နှစ်အတွင်းရှိ အမျိုးသားနှင့်အမျိုးသမီးစုံတွဲပျောက်ဆုံးနေခဲ့ခြင်းဖြစ်သည်။

အကြောင်းကြား

ကူးတို့ရေယာဉ်မှူးက ခရီးသည်နှစ်ဦး လျော့နည်းနေကြောင်း သတိပြုမိပြီး ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။

ရှာဖွေ

ပြင်သစ် ရဟတ်ယာဉ်နှစ်စင်း၊ ဗြိတိသျှ ကမ်းခြေစောင့်တပ်ဖွဲ့မှ လေယာဉ်နှင့် အသက်ကယ်လှေများ၊ ပြင်သစ်ရေတပ်မှ သင်္ဘောများကို စေလွှတ်ပြီး ၎င်းစုံတွဲကို ရှာပုံတော်ဖွင့်ကြသည့်အပြင် ကူးတို့သင်္ဘောမှ သင်္ဘောသားများက ရှာဖွေခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ချီဘီတိုက်ဖုန်းဖိလစ်ပိုင်မှထွက်ခွာ

မနီလာ နိုဝင်ဘာ ၁၇

ချီဘီတိုက်ဖုန်းမုန်တိုင်း နိုဝင်ဘာ ၁၂ ရက်က ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာသွားပြီး ဗီယက်နမ်သို့ ဦးတည်ရွေ့လျားသွားကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ဘက်တွင် မြေပြိုမှုများနှင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး လူတစ်ဦးသေဆုံးသွားကြောင်း အရပ်ဘက် ကာကွယ်ရေးဌာန (အိုစီဒီ)က သတင်းထုတ်ပြန်သည်။

အော်ရိုရာပြည်နယ်ရှိ ချောင်းတွင် နိုဝင်ဘာ ၁၁ ရက်က ရေများလျှံတက်လာပြီး လူတစ်ဦးရေစီးနှင့် မျောပါသွားကြောင်း၊ ထိုနေ့မှာပင် အိုင်ဆာဘီလာပြည်နယ်အနီး ကာဆီဂူရန်ဒေသတွင် ရေစီးနှင့်အတူ လူသုံးဦးမျောပါသွားကြောင်း၊ သစ်ပင်များ လည်းပြိုလဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူ ရှစ်ဦးရှိကြောင်း အိုစီဒီက ပြောကြားသည်။ အဆိုပါဒေသတွင် နိုဝင်ဘာ ၁၂ ရက် အစောပိုင်းကပင် ရေများ ပြန်လည်ကျဆင်းသွားကြောင်း၊ သို့သော် နူဗာအီစီဂျာပြည်နယ် ဆန်ဟိုဆေးမြို့ရှိ အချို့သော စိုက်ခင်းများတွင် ၁ ဒသမ ၂ မီတာခန့်ရေမြုပ်သွားပြီး စပါးစိုက်ခင်းများ ပျက်စီးသွားကြောင်း အိုစီဒီက ပြောကြားသည်။

ဆန်ဟိုဆေးမြို့ရှိ ရွာများတွင် ရေကြီးမှုကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြသူ ၈၃၀၀ ခန့်ရှိပြီး ယခုအခါ ယင်းတို့မှာ မိမိတို့၏နေအိမ်များသို့ ပြန်လည်ရောက်ရှိနေကြပြီဖြစ်သည်ဟု ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြုလုပ်သော ဖက်ရှင်ပြပွဲတွင် မော်ဒယ်တစ်ဦး သရုပ်ပြနေသည်ကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂျကာတာမြို့ စားသောက်ဆိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဂျကာတာ နိုဝင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ စားသောက်ဆိုင်တစ်ဆိုင်၌ စနေနေ့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျကာတာမြို့၏အရှေ့ပိုင်း ဈေးတန်းတစ်နေရာရှိ စားသောက်ဆိုင်၌ စနေနေ့ နေ့လယ်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ စားသောက်ဆိုင်တွင် ပေါက်ကွဲခဲ့သည့်ဗုံးမှာ ပေါက်ကွဲမှုအားပျော့သောဗုံးအမျိုးအစား ဖြစ်ကြောင်း ဂျကာတာရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအပိုင်း လမ်း၊ တံတားများကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့မှ ပူတာအိုမြို့သို့ ထွက်ခွာခဲ့ကာ လမ်းတစ်လျှောက် လမ်းတံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် (၁၄၈/၀)၌ မကြာမီဖွင့်လှစ်တော့မည့် ဖုန်အင်တံတားဖွင့်ပွဲအတွက် အကြိုလုပ်ငန်းများဆောင်ရွက်ထားမှုကို ဆက်လက်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖုန်အင်တံတားမှ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင် ၁၆၁ မိုင် ၂ ဖာလုံ၌ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)က စက်ယန္တရားများဖြင့် တောင်ပြိုမြေများ ဖယ်ရှားခြင်းနှင့် လမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို စစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် (၁၈၄/၀)၌ မဆွမ်စွပ်တံတား ဆောက်လုပ်ရေးစီမံကိန်းရုံးသို့ ရောက်ရှိရာ တာဝန်ခံ အင်ဂျင်နီယာမှူး ဦးဒေးဗစ်ဘရန်ရှောင်က တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးအောင် လုပ်ဆောင်ရန်၊ သတ်မှတ်စံချိန် စံညွှန်း အတိုင်းပြည့်မီအောင် လုပ်ကိုင်ရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မဆွမ်စွပ်တံတားလုပ်ငန်း ဆောင်ရွက်ထားမှုကို စစ်ဆေးခဲ့ပြီး ဆက်လက်ထွက်ခွာရာ မိုင်တိုင် (၁၉၃/၀)၌ တန်ဂျာချောင်း တံတားလုပ်ငန်းသို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုးက လက်ရှိတံတား အခြေအနေနှင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် တန်ဂျာချောင်း ရေစီးရေလာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက တံတားအကြောင်း၊ လမ်းအကြောင်း အခြေအနေကို စစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှု အပေါ် လိုအပ်ချက်များမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးသန်းလွင်အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံ/မြောက်ပိုင်း (၃၆)ရပ်ကွက် ပင်လုံလမ်းနေ ဒေါ်တင်ဝင်း မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဝီရိယ (နန်းမား) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြိတ်မြို့တွင် အထူးတရားပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

မြိတ်မြို့ ရွှေပေးလမ်းမကြီး ရတနာ့ဂုဏ်ရည်ရိပ်သာအတွင်း၌ အများကောင်းမှုဖြင့် ဆောက်လုပ်ပြီးစီးသွားသော ဓမ္မဂုဏ်ရည် နှစ်ထပ်ယောဂီကျောင်းဆောင်တော်ကြီးကို (၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်) နိုဝင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပမည့် ရေစက်သွန်းချလှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သရက် ဆရာတော် ဘဒ္ဒန္တ ကေသရမဟာထေရ်က အနုမောဒနာ တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။

အကြိုတရားပွဲများအဖြစ် ၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ နိုဝင်ဘာ ၂၄ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၊ ညောင်ကန်အေးသာသနာ့ရိပ်သာ၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ သာသနဓဇဓမ္မာစရိယ ထီလာဆရာတော် အရှင်ဉာဏိဿရ၊ ၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ နိုဝင်ဘာ ၂၅ ရက် (စနေနေ့)တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရနှင့် ၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ နိုဝင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် မြိတ်မြို့ ရတနာ့ဂုဏ်ရည်ရိပ်သာ ကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တ တေဇာနန္ဒာ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် MAN Ferrostaal Industriean Lagen GmbH (Yangon Branch) နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် ဇီဝဒီဇယ်ဆီထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် သရုပ်ပြရှင်းလင်းဆွေးနွေးပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဇီဝဒီဇယ် ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် သရုပ်ပြရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် MAN Ferrostaal Industriean Lagen GmbH (Yangon Branch) **နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့က ပူးပေါင်းကျင်းပသည့် ဇီဝဒီဇယ်ဆီ** (Bio-Diesel) **ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် သရုပ်ပြရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

ရှင်းလင်းဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများ၊ စက်မှုဇုန်များမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် စက်မှုလုပ်ငန်းရှင်များ၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်နှင့် Myanmar Fritz Werner Industries Co., Ltd. တို့မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက ဇီဝဒီဇယ်ဆီ ထုတ်လုပ်အသုံးချရေးနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် MAN Ferrostaal Industriean Lagen GmbH (Yangon Branch) မှ Mr. Bernd Biegerက မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ University of Hohenheim, Jatro Solutions GmbH မှ ပညာရှင် Prof. Mr. Klaus Becker က ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ခြံစည်းရိုးကြက်ဆူပင်၏ ရူပဆိုင်ရာ အသုံးဝင်မှု၊ ဓာတုဆိုင်ရာ အသုံးဝင်ပုံ၊ မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထားရှိမှုတို့အပေါ် ၎င်းအနေဖြင့် အာဖရိကနှင့် အိန္ဒိယနိုင်ငံများတွင် လွန်ခဲ့သည့် လေးနှစ်မှစ၍ သုတေသနပြုစမ်းသပ်တွေ့ရှိချက်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားပါက နိုင်ငံ၏ ဇီဝဒီဇယ်ဆီထုတ်လုပ်မှုသည် အားရဖွယ်ရှိကြောင်းဖြင့် အသေးစိတ် ဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရွှေသံလွင် ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးမိုးဇော်က ဇီဝဒီဇယ်ဆီ ထုတ်လုပ်သည့် Plant နှင့် ပတ်သက်၍ ပါဝင်သော စက်ပစ္စည်းများနှင့်ထုတ်လုပ်မှု နည်းစဉ်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဇီဝဒီဇယ်ဆီထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ Prof. Mr. Klaus Becker နှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေး ဖြေကြားကြသည်။

ပေးအပ်

ထို့နောက် ရွှေသံလွင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက Prof. Mr. Klaus Becker နှင့် Mr. Bernd Bieger တို့အားလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက ဂျာမနီနိုင်ငံမှ အင်ဂျင်နီယာနှစ်ဦးတို့အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် တစ်ရက်လျှင် ဇီဝဒီဇယ်ဆီလီတာ ၆၀၀ ကျ Bio-diesel Pilot Plant စက်၊ ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရာတွင် အသုံးပြုသည့် မက်သနော (Methanol)၊ ဆိုဒီယမ်ဟိုက်ဒြောဆိုက် (Sodium Hydroxide-Na OH၊ မိုးရေ (Distilled Water)၊ ကြက်ဆူဆီ (Jatropha Oil)၊ ခြံစည်းရိုးကြက်ဆူသီး၊ အစေ့ စသည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းနှင့် ဓာတုဗေဒပစ္စည်းများကို ပြသထားရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားပြေးဆွဲမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်နှင့် မော်လမြိုင် ကူးသန်းသွားလာကြသည့် ရထားစီးခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အထူးအမြန်ရထားများကို နိုဝင်ဘာ ၁၉ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၅) အဆန် ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၇ နာရီ ၁၅မိနစ်တွင် ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၃၆) အစုန်

အမှတ်(၃၆) အစုန် မော်လမြိုင်-ရန်ကုန် အထူးအမြန်အစုန်ရထားသည် မော်လမြိုင်ဘူတာမှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ထိုရထားခရီးစဉ်များတွင် ကျိုက်ထိုဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာထားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	**ဆရာတော်ဦးဃောသိတတရားတော် -ပဋိစ္စသမုပ္ပါဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)**
၉:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၉:၁၆	၁၁။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	**မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ချန်ဗွန်းဒန်ဂျာ"**
၁၃:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၁၄:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၆။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၄။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျေးတောသူ" (အပိုင်း-၂)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	"ENGLISH PREMIER "LEAGUE **ဘောလုံးပွဲ** Blackburn Rovers Vs Tottenham Hotspur
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

မြန်မာနိုင်ငံ၏ ဇီဝဒီဇယ်ထုတ်လုပ်နိုင်မည့် အလားအလာ အားရဖွယ်ရှိနေ ကြက်ဆူစေ့ အခြေခံထုတ်လုပ်သည့် ဇီဝလောင်စာမှာ ကုန်ကျစရိတ်သက်သာပြီး ဘေးထွက်ဆိုးကျိုးနည်း

သတင်းဆောင်းပါး၊
ဓာတ်ပုံ –
သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် နိုဝင်ဘာ ၁၈

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဓိက ရင်ဆိုင်နေရသော ပြဿနာတစ်ခုမှာ လောင်စာစွမ်းအင်ပြဿနာပင်ဖြစ်သည်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်သုံးဆီမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ ယနေ့ကမ္ဘာတစ်ဝန်းတွင် အဓိက သုံးစွဲနေသော စက်သုံးဆီများကို ရေနံစိမ်းမှ ထုတ်ယူရရှိသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့ရေနံထုတ်လုပ်မှုမှာ သုံးစွဲမှုကို လိုက်မမီနိုင်အောင် ရှိနေပေသည်။ ထို့ကြောင့် ရေနံအစားထိုးလောင်စာဆီ သုံးစွဲရေးကို ကမ္ဘာတစ်ဝန်း တီထွင်ကြံဆလာကြရပြီဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် အပင်အမျိုးမျိုးမှ ထွက်ရှိသော ကုန်ကြမ်းများနှင့် တိရစ္ဆာန်အမျိုးမျိုးမှ ထွက်ရှိစွန့်ထုတ်သော အညစ်အကြေးများကို အခြေခံသည့် ဇီဝလောင်စာထုတ်လုပ်ရေးကို အပြိုင်အဆိုင် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရသည်။

ထိုကဲ့သို့ ဇီဝလောင်စာကို အပြိုင်အဆိုင် စမ်းသပ်ထုတ်လုပ်ကြရာတွင် ဘရာဇီးနိုင်ငံသည် ကြံပင်မှ အီသနောလောင်စာကို အောင်မြင်စွာ ထုတ်လုပ်နိုင်သကဲ့သို့ အမေရိကန်ပြည်ထောင်စုက ပြောင်းဖူးမှ အီသနောလောင်စာ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေသည်။ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကလည်း စားအုန်းဆီမှ ဇီဝလောင်စာဆီများ တွင်တွင်ကျယ်ကျယ် ထုတ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံသည်လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ ကမ္ဘာ့နိုင်ငံအသီးသီး ရင်ဆိုင်နေရသည့် လောင်စာဆီရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမှ ပညာရှင်များသည်လည်း မိမိနိုင်ငံနှင့် လိုက်လျော ညီထွေရှိမည့် ဇီဝလောင်စာဆီထုတ်လုပ်နိုင်မည့် နည်းလမ်း များကို ရှာကြံဖော်ထုတ်လာကြရာ မြန်မာနိုင်ငံ ဒေသအသီးသီးတွင် ပေါများစွာနှင့် ရာသီဥတုမရွေး ပေါက်ရောက်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာထုတ်ယူနိုင်ရန် ကြိုးပမ်းနေကြသည်။

ကြက်ဆူပင်မှာ မြန်မာနိုင်ငံ၏ အပူပိုင်းဒေသများတွင် အလေ့ကျပေါက်ရောက်ပြီး စွတ်စိုသော သမန္တေပိုင်းတွင်လည်းပေါက်ရောက်နိုင်ကာ ကြီးထွားမှု လျင်မြန်ပြီး ပေါက်ရောက်ရာပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ရှင်သန်နိုင်သော ဂုဏ်သတ္တိရှိသည့် အပင်မျိုးဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းလာကြသည့်နည်းတူ ခြံစည်းရိုးကြက်ဆူစေ့မှ ဇီဝလောင်စာဆီ ထုတ်လုပ်ရေး သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံပိုင်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ တွင်ကျယ်စွာ လုပ်ဆောင်နေကြပြီဖြစ်သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် MAN Ferrostaal Industrieanlagen GmbH (Yangon Branch) နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် ဇီဝဒီဇယ်ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် သရုပ်ပြ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ရာ ဌာနဆိုင်ရာအသီးသီးမှ ပညာရှင်များ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းအသီးသီးမှ ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ဂျာမနီနိုင်ငံ University of Hohenheim Jatro Solutions GmbH မှ ပညာရှင်ပါမောက္ခ Mr. Klausက ဘိုင်အိုဒီဇယ်ထုတ်လုပ်မှုအထူးသဖြင့် ကြက်ဆူပင်၏ ရူပဆိုင်ရာ အသုံးဝင်မှု၊ ဓာတုဆိုင်ရာ အသုံးဝင်မှု၊ မြန်မာနိုင်ငံ၌ အချိန်တိုကာလအတွင်း ကြက်ဆူပင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်မှုအပေါ် ၎င်းအနေဖြင့် အာဖရိကနှင့် အိန္ဒိယနိုင်ငံများတွင် လွန်ခဲ့သော လေးနှစ်မှစ၍ သုတေသနပြုတွေ့ရှိချက်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားပါက မြန်မာနိုင်ငံ၏ ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်မှုမှာ အားရဖွယ်ရှိနေကြောင်း၊ အခြေအနေအရပ်ရပ်ကို နှိုင်းယှဉ်သုံးသပ်ချက်များနှင့် အသေးစိတ်ရှင်းလင်းတင်ပြသွားခဲ့ပြီး ဧည့်သည်တော်များ၏ မေးမြန်းချက်များကိုလည်း ပြည့်စုံရှင်းလင်းစွာ ပြန်လည်ဖြေကြားသွားခဲ့သည်။

ပါမောက္ခ Mr. Klaus Beacker ဘိုင်အိုဒီဇယ် ထုတ်လုပ်သည့်နည်းပညာများကို အသေးစိတ်ရှင်းလင်းပြောကြားစဉ်။

မြန်မာနိုင်ငံ၌ ယနေ့ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးနေသော ခြံစည်းရိုးကြက်ဆူပင်မှရရှိသော ကြက်ဆူစေ့ကို အခြေခံထုတ်လုပ်သည့် ဇီဝလောင်စာမှာ ကုန်ကျစရိတ်သက်သာသည့်အပြင် ဘေးထွက်ဆိုးကျိုး နည်းပါးသည်။ ထို့ပြင် ရေနံလောင်စာ၏နေရာတွင် အစားထိုးအသုံးပြုနိုင်ပေသည်။ ကြက်ဆူစေ့မှထွက်ရှိသော ကြက်ဆူဆီကို အသုံးပြုပြီး ဇီဝလောင်စာကို ကုန်ကျစရိတ်သက်သာစွာ ထုတ်လုပ်နိုင်သည်။ ကြက်ဆူစေ့ကို ဆီကြိတ်ရာမှ ကျန်ရှိနေသော ဆီကြိတ်ဖတ်များကို နည်းစဉ်တစ်ခုအသုံးပြု၍ အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများ ဖယ်ရှားကာ ကျွဲနွားစားသုံးသည့် တိရစ္ဆာန်အစားအစာ ပြုလုပ်နိုင်ကြောင်းလည်း သိရသည်။ ၎င်းအစားအစာများတွင် ပရိုတိန်းဓာတ် ၆၀ ရာခိုင်နှုန်း ပါဝင်သည့်အတွက် တိရစ္ဆာန်များ၏ ကြီးထွားသန်စွမ်းမှုကို အထောက်အကူပြုနိုင်သည့်အပြင် ထွက်ပေါ်လာသည့် အဆိပ်အတောက် ထွက်ကုန်ဖြစ်သည့် Phobor Ester သည် တန်ဖိုးကြီးမားပြီး ကမ္ဘာပေါ်ရှိ ပိုးသတ်ဆေးအမျိုးမျိုး ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ပေသည်။

အဆိုပါ ဆွေးနွေးရှင်းလင်းပွဲတွင် ရွှေသံလွင်ကုမ္ပဏီလီမိတက်နှင့် MAN Ferrostaal Industrieanlagen GmbH တို့ ပူးပေါင်းထုတ်လုပ်ထားသည့် ဇီဝဒီဇယ်ဆီထုတ်လုပ်သည့် စက်တစ်မျိုးကိုပါ ပြသထားသည်။ ထိုစက်မှ ဇီဝလောင်စာ အခြေခံကုန်ကြမ်းများကို သုံးစွဲ၍ နေ့စဉ် ဘိုင်အိုဒီဇယ် အနည်းဆုံး လီတာ ၆၀၀ ထုတ်လုပ်နိုင်ပုံနှင့် စက်သုံးစွဲပုံ အသေးစိတ် အချက်အလက်များကို ရွှေသံလွင် ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးမိုးဇော်က အသေးစိတ် ရှင်းလင်းပြောကြားသွားပြီး ၎င်းတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအတွင်း ထိုဘိုင်အိုဒီဇယ်ထုတ်စက်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရန် တင်သွင်းရောင်းချသွားမည် ဖြစ်ကြောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်အပြင် အခြားအပင်နှင့် အသီးအနှံအမျိုးမျိုးမှပါ ဇီဝလောင်စာ ထုတ်လုပ်နိုင်မည့် နည်းပညာများကို သုတေသနပြု တီထွင်သွားရန် အစီအစဉ်ရှိနေပါကြောင်း ပြောကြားသွားသည်။

ယခုကဲ့သို့ ရှင်းလင်းဆွေးနွေးပွဲများကို ကျင်းပခြင်းကြောင့် နိုင်ငံသားပညာရှင်များအနေဖြင့် ဇီဝလောင်စာဆီထုတ်လုပ်မှု နည်းပညာနှင့် ဇီဝလောင်စာထုတ်စက်တည်ဆောက်မှု နည်းပညာများ တိုးတက်ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံအတွက် လိုအပ်သည့် ဇီဝလောင်စာဆီများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ယူရရှိရေးများစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။ ။

ရွှေသံလွင် ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးမိုးဇော် ဘိုင်အိုဒီဇယ် ထုတ်လုပ်သည့်စက်အကြောင်းကို ရှင်းလင်းပြောကြားစဉ်။



ခြံစည်းရိုးကြက်ဆူသီးနှင့် ကြက်ဆူစေ့များကို တွေ့ရစဉ်။

မိုးကောင်း အထက(၁) အာစရိယပူဇော်ပွဲ

မိုးကောင်း နိုဝင်ဘာ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းမဥ္ဇူသကခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)အထက် ကျောင်းအုပ်ကြီးများ၊ ဆရာမ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ပူဇော်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

အလှူငွေထည့်ဝင်လိုပါက ဦးချစ်မောင် ရန်ကုန်မြို့ ဖုန်း–၀၁–၅၀၃၁၉၈၊ ဦးအုန်းရွှေ ရန်ကုန်မြို့ ဖုန်း–၀၁–၆၈၀၇၁၉၊ ဦးစံငြိမ်း မန္တလေးမြို့ ဖုန်း–၀၂–၆၆၃၅၉နှင့် ဦးဖရိုလာ မိုးကောင်းမြို့ ဖုန်း–၀၇၄–၄၀၁၁၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နိုဝင်ဘာ ၁၈ ရက်က အမှတ်(၂၈) အခြေခံပညာ မူလတန်းကျောင်း သဃ်္ဃန်းကျွန်းမြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနား၌ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် သူငယ်တန်း ပညာရည်ချွန်ဆုရ မဖူးငုံဆင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်သင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

အထက(၅) အလုံ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

အထက(၅) အလုံမှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက(၅) အလုံကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ သိရှိလိုသူနှင့် ပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးမြင့်သိန်း ဖုန်း–၀၉၅၁၄၃၉၉၈၊ ဦးအုန်းစိန် ဖုန်း–၀၉၅၃၀၁၇၉၅၊ ဦးဝင်းသူ ဖုန်း–၂၁၀၆၉၄၊ ဦးကြည်ရွှင် ဖုန်း–၀၉၅၀၀၅၂၉၉ နှင့် ဦးဇော်မြင့် ဖုန်း–၀၉၅၁၁၅၀၂၂ တို့သို့ ဆက်သွယ်မေးမြန်း ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

တစ်လိမ် နှစ်လိမ် ပွေလိမ်ရှုပ်နေသော ပါတီနိုင်ငံရေးစတန့်

ပေါက်စ

"ဩော်...ပြောမဆုံးပေါင် တောသုံးတောင်ပါကလား ကွယ်တို့၊ အရွယ်မထောက် အသက်လေးဆယ်ကျော် ငါးဆယ်ကျော်ရောက်တဲ့အထိ သတိနဲ့မဆင်ခြင် လိမ်ချင်ညာချင် အသွင်သဘောမရိုးဘဲ ဆင်ကန်းတောတိုး မင်းမဲ့စရိုက်တွေနဲ့ အကြွင်းမဲ့ မိုက်ကြပေါ့၊ ထိပ်တိုက်ရင်ဆိုင်အောင် အဖြူရောင် လှုပ်ရှားမှုက တစ်မျိုး၊ ဘုရားရှိခိုး ဝတ်ပြုတာကတစ်လုပ်၊ မဟုတ်မဟတ် လုပ်ဇာတ်အကြံအဖန်တွေနဲ့ မမှန်မကန် လက်မှတ်တွေ ထိုးတာက တစ်သွယ်၊ မဖွယ်မရာ ဉာဏ်တိမ်တိမ်နဲ့ နိုင်ငံကို လိမ်နေကြပါကလား"

သို့ကလို စာချိုးတစ်ပုဒ်နဲ့ မြန်မာပြည်သူ ခုနစ်ရက်သား၊ သမီးများကို ပေါက်စ ဂါရဝတရားနဲ့ ပဏာမစကား ဆိုလိုက်ပါတယ် ခင်ဗျာ။

ပေါက်စအနေနဲ့ အခုလို စာချိုးတစ်ပုဒ်ကို ပဏာမခြေဆင်းလုပ်ပြီး နှုတ်ခွန်းဆက်လိုက်ရတဲ့ အကြောင်းရင်းကတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ သတင်းထုတ်ပြန်ရေး ကော်မတီက ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၇/၂၀၀၆)သတင်းစာရှင်းလင်းပွဲကို တက်ရောက်ခဲ့ပါတယ်ခင်ဗျ။ အဲဒီသတင်းစာရှင်းလင်းပွဲမှာ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့ရဲ့ ရှင်းလင်းချက်တွေကို လေ့လာမှတ်သားရင်း ပေါက်စရဲ့ ရင်တွင်းဖြစ် စာချိုးတစ်ပုဒ်ကို ခံစားလာရတဲ့အတွက် မြန်မာပြည်သူ ခုနစ်ရက်သား၊ သမီးများအားလုံး မျှဝေခံစားနိုင်ဖို့ လက်ဆင့်ကမ်းလိုက်ခြင်းပဲ ဖြစ်ပါတယ်ခင်ဗျာ။

အဲ...သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီတို့ရဲ့ ရှင်းလင်းချက်တွေကို အတိုကျဉ်းပြီး လိုရင်းလောက် ကောက်နုတ်တင်ပြရရင် "မင်းကိုနိုင်နဲ့ အပေါင်းပါများအပါအဝင်၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေရဲ့ ပြည်တွင်း၊ ပြည်ပ အချိတ်အဆက်တွေနဲ့အတူ ၂၀၀၆ ခုနှစ် ရည်မှန်းကာလ အဖြစ် သတ်မှတ်လုပ်ဆောင်နေတဲ့ ပြည်ပြေး အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ NCUB ရဲ့ လူထုတိုက်ပွဲစီမံချက်များ၊ မြေပေါ်မြေအောက် တိုက်ကွက်လုပ်ဖို့ ဥပဒေတွင်း လူထုတိုက်ပွဲကော်မတီအဖြစ် ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေ၊ ဝါရင့်နိုင်ငံရေးသမားကြီးများအချို့၊ CRPP အဖွဲ့ဝင်အချို့နဲ့ NLD က ဟန်ပြ ထုတ်ပယ်ထားတဲ့ ပါတီဝင်ဟောင်းအချို့ အပါအဝင် NLD ပါတီဝင်အချို့ဟာ ပုလင်းတူဘူးဆို့ ပူးပေါင်းပါဝင်နေတဲ့ အကြောင်း၊ အဲဒီလှုပ်ရှားမှုထဲမှာ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်၊ မင်းဇေယျာတို့ ခေါင်းဆောင်တဲ့ ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင်များလည်း ပါဝင်လှုပ်ရှားနေသလို အဲဒီလှုပ်ရှားမှုတွေအတွက် ၂၀၀၆ ခုနှစ် ဧပြီလ ဒုတိယပတ်ထဲမှာ AAPP က ဘိုကြည်ဟာ ဗြိတိသျှသံရုံးကတစ်ဆင့် ငွေကျပ်သိန်း ၂၅၀ ကို ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေဆီ ပေးပို့ခဲ့တဲ့ အပြင် ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့မှာ ဌေးကြွယ်ဆီကို အမေရိကန်သံရုံးက တစ်ဆင့် အမေရိကန်နိုင်ငံမှ NGO အမည်ခံ အဖွဲ့တစ်ဖွဲ့က ဒေါ်လာ သုံးသောင်းပေးပို့ခဲ့ကြောင်း၊ မင်းကိုနိုင်ဆီကိုလည်း အမေရိကန်နိုင်ငံရောက် မကသဟောင်းတွေနဲ့ NDD အဖွဲ့ဝင် ခင်ဥမ္မာတို့က ငွေ ၂၅ သိန်း ပေးပို့ခဲ့ကြောင်း၊ အဲဒီအခြေ အနေတွေနဲ့ လှုပ်ရှားမှုတွေကို လေ့လာကြည့်ရင် **မင်းကိုနိုင် အပါအဝင် ၈၈ မျိုးဆက် ကျောင်းသားအုပ်စုဝင်တွေဟာ အနောက်နိုင်ငံကြီးအချို့နဲ့ ဆက်သွယ်မှု၊ ပံ့ပိုးကူညီမှုတွေနဲ့အတူ အကြမ်းဖက်အဖျက်သမားတွေနဲ့ဆက်စပ်ပြီး ပြည်တွင်း ဆူပူအုံကြွမှုဖြစ်အောင်၊ နိုင်ငံတော်ရဲ့ တည်ငြိမ် အေးချမ်းမှုကို ပျက်ပြားအောင် စည်းရုံးနေကြတယ်ဆိုတာ သိရှိနိုင်တဲ့အတွက် သက်ဆိုင်ရာက မင်းကိုနိုင်နဲ့ အပေါင်းပါလေးဦးကို ဘာကြောင့် ခေါ်ယူစစ်ဆေးနေရတယ်ဆိုတဲ့ အဖြေဟာ သိသာထင်ရှားပေါ်လွင်နေကြောင်း၊ ၈၈မျိုးဆက် ကျောင်းသားအုပ်စုဝင်ဟာ အဖြူရောင် လှုပ်ရှားမှုဆိုပြီး တည်ငြိမ် အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်လိုတဲ့ ပြည်သူလူထုကို သူတို့ရဲ့နိုင်ငံရေး အရှုပ်တော်ထဲကို အတင်းအဓမ္မခုတုံးလုပ် အမြတ်ထုတ်ရန် ဆွဲသွင်းကြသလို လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးမှုဆိုပြီး လှုပ်ရှားခဲ့ကြောင်း၊ အဲဒီလှုပ်ရှားမှုတွေနဲ့ ပတ်သက်ပြီး ပြည်တွင်း ပြည်ပ အဖျက်သမားတွေက မဟုတ်မမှန် လုပ်ကြံသတင်းတွေနဲ့ ဝိုင်းဝန်းလှုံ့ဆော်နေကြပြီး လက်မှတ်ပေါင်း ငါးသိန်းကျော်ရခဲ့တယ်လို့ ဝါဒဖြန့် လှုံ့ဆော်ခဲ့ကြကြောင်း၊ အဲဒီနောက် ၈၈မျိုးဆက် ကျောင်းသားအုပ်စုဝင်များနဲ့ အပေါင်းပါတွေဟာ ငြိမ်းချမ်းရေး ဝတ်ပြု ဆုတောင်းပွဲဆိုပြီး ထပ်မံလှုပ်ရှား လာပြန်ကြောင်း၊ သူတို့တစ်တွေရဲ့ အဲဒီလှုပ်ရှားမှုတွေဟာ မြန်မာပြည်သူတွေရဲ့ မူလပင်ကိုဓလေ့အရ အဖြူရောင်ကို ရိုးသားစင်ကြယ်ခြင်း၊ သန့်ရှင်းကြည်လင်ဖြောင့်မတ်ခြင်း သဘောထားနဲ့ ဝတ်စားဆင်ယင်နေတာကို သူတို့အပေါ်ထောက်ခံသလိုမျိုး ခုတုံးလုပ် အမြတ်ထုတ်ခြင်းဖြစ်ကြောင်း၊ အဲဒီလိုပဲ လူထုဆန္ဒပြုလွှာ လက်မှတ်ထိုးမှုဆိုတာလည်း ငါးသိန်းကျော် လက်မှတ်ထိုးတယ်ဆိုပြီး ကိန်းဂဏန်းတွေကို လုပ်ကြံဖန်တီးထားခြင်းဖြစ်ကြောင်း၊ အဲဒီ အခြေအနေနဲ့ပတ်သက်လို့ သာဓကအနေနဲ့ ပြောရရင် မန္တလေး ချမ်းအေးသာစံမြို့နယ်က ထီးလင်းကျောင်းတိုက်၊ ပြည်ကြီး တံခွန်မြို့နယ်က မဟာဝိဇိကာရာမကျောင်းတိုက်ရှိ သံဃာတော်တွေက အခုလို လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးတဲ့အထဲမှာ ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိကြောင်း၊ ဘာသာရေးကို လေးစားလိုက်နာသူများ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံဝါဒဖြန့် ခြင်းဖြစ်ကြောင်း မိန့်ကြားကြတယ်လို့ သိရှိရကြောင်း၊ ငြိမ်းချမ်းရေး ဝတ်ပြုဆုတောင်းပွဲဆိုတာကလည်း မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ အခုလိုကာလမှာ တန်ဆောင်တိုင်ပွဲတော်နဲ့ ကထိန် သင်္ကန်းကပ်လှူပွဲများကို ရုံးဌာနတွေအလိုက်၊ ကုမ္ပဏီလုပ်ငန်းတွေအလိုက်၊ ဘာသာရေးအသင်းအဖွဲ့တွေအလိုက် ကျင်းပနေကြကြောင်း၊ အဲဒီလို ကုသိုလ်ရေးလုပ်ငန်းတွေ လုပ်နေတာကို အခွင့်ကောင်းယူပြီး ဘာသာရေးနဲ့ နိုင်ငံရေး ရောထွေးယှက်တင် ခုတုံးလုပ်ကြခြင်း ဖြစ်ကြောင်း"** တို့ကို အထောက်အထားများနဲ့ အကျယ်တဝင့် ရှင်းလင်းသွားခဲ့ပါတယ်။

အခုလို သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းချက်တွေကို လေ့လာလိုက်ရင် ၈၈ မျိုးဆက် ကျောင်းသားအုပ်စုဝင်တွေရဲ့ ကူးတို့ဆိပ်မှာ မှို့အိတ်ပေါက်သလို ဖောက်ပြန်ရူးသွပ်တဲ့ အလိမ်အရှုပ် ဇာတ်လမ်းတွေဟာ ဘာကမှမဆန်းကြယ် အံ့ဖွယ်သုတအဖြစ်လည်း မှတ်သားလောက်စရာ မရှိပါဘူးခင်ဗျ။

ဘာလို့လဲဆိုတော့ အဲဒီ ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင် ပုဂ္ဂိုလ်ကြီး ငယ်ရွယ်လတ်များနှင့် NLD လက်ကျန် လက်တစ်ဆုပ်စာ အုပ်စုတွေဟာ အခုလို ကလိမ်ကကျစ် မဖြစ်ညစ်ကျယ် မဖွယ်မရာ ဇာတ်လမ်းတွေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူကို လိမ်လာခဲ့ကြတာဟာ ရိုးရာအစဉ်အလာ ဓလေ့လိုမျိုး လုပ်လာကိုင်လာကြတာ ဖြစ်တယ်ခင်ဗျ။ တစ်နည်းပြောရရင်လည်း နိုင်ငံတကာ ပြည်သူတွေနဲ့ မြန်မာပြည်သူတွေအပေါ်မှာ မတော် မတရားစော်ကားတဲ့ လိမ်လည်မှုပဲ ဖြစ်တယ်ဗျာ။ အားမနာတမ်း ပြောရရင် သူတို့အားလုံးဟာ လိမ်စရာမရှိရင် ကိုယ့်ပေါင်ကိုယ် ပြန်လိမ်နေတဲ့သူတွေ ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ ပေါက်စ သနားခြင်းကြီးစွာနဲ့ ခံစားနားလည် ထားပါတယ် ခင်ဗျာ။

အဲသလို ပြောရဆိုရတဲ့ အကြောင်းရင်းကို ရှင်းတမ်းထုတ်ရရင် ဟိုယခင် ၁၉၈၉ ခုနှစ်လောက်ကပေါ့ဗျာ၊ NLD ပါတီက ပါတီစုံ အစည်းအဝေးတစ်ခုကို ဘာအတွက် ဆွေးနွေးစည်းဝေးမယ်ဆိုတာ အစည်းအဝေးဖိတ်စာမှာ မဖော်ပြဘဲ အစည်းအဝေး ဖိတ်ခဲ့သဗျ။ ပါတီပေါင်းစုံက ကိုယ်စားလှယ်တွေ အစည်းအဝေးခန်းထဲ ရောက်လာမှ နိုင်ငံတော်အစိုးရနဲ့ တွေ့ဆုံဖို့ ပါတီပေါင်းစုံက ကိုယ်စားလှယ်တစ်ဦး ရွေးချယ်မယ့် အစည်းအဝေးဖြစ်တဲ့အကြောင်း ကြေညာပြီးတာနဲ့ တစ်ဆက်တည်း မိနစ်တောင် မဆိုင်းဘဲ NLD ပါတီက ကြိုတင်ဇာတ်တိုက် ပြင်ဆင်ထားတဲ့အတိုင်း NLD ပါတီခေါင်းဆောင် အမျိုးသမီးကို ပါတီပေါင်းစုံရဲ့ ကိုယ်စား နိုင်ငံတော်အစိုးရနဲ့ တွေ့ဆုံဖို့ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ကြောင်း NLD ကိုယ်စားလှယ်တွေက အဆိုသွင်းသူက သွင်း၊ ထောက်ခံသူကထောက်ခံနဲ့ ညာသံပေးပြီး လူအုပ်နဲ့ သံချပ်တိုင်သလို အတိုင်အဖောက် လုပ်ကြသဗျာ။ အဲဒီလိုအခြေအနေမှာ တက်ရောက်လာတဲ့ ပါတီပေါင်းစုံကိုယ်စားလှယ်တွေဟာ ကျောချမှာစားပြ မှန်း သိကြရပြီး NLD ရဲ့ နှစ်ပေါက်တစ်ပေါက် ရိုက်တာကို မကျေမနပ် ဖြစ်လာကြတော့ ပါတီကိုယ်စားလှယ်ထဲက သွားလေသူ ဝိရူရသခင်ချစ်မောင်က "နိုင်ငံတော်အစိုးရနဲ့ တွေ့ဆုံတဲ့ကိစ္စမှာ အရေးကြီးကြောင်း၊ ရွေးချယ်ဖို့ အဆိုပြုထားတဲ့ NLD ပါတီခေါင်းဆောင် အမျိုးသမီးကလည်း နိုင်ငံရေးအတွေ့အကြုံနည်းကြောင်း၊ ဖြစ်သင့်တာကတော့ နိုင်ငံတော် အစိုးရနဲ့တွေ့ဆုံဖို့ ကိုယ်စားလှယ်ကို တစ်ဦးတည်းမရွေးဘဲ နှစ်ဦး သို့မဟုတ် သုံးဦး ကော်မတီဖွဲ့ပြီး တွေ့ဆုံဖို့ ရွေးသင့်ကြောင်း" ဝေဖန်ဆွေးနွေးသဗျ။

ဘာပြောကောင်းမလဲဗျာ။ ဝိရူရသခင်ချစ်မောင်ကြီးရဲ့ အသက်အရွယ်နဲ့ နိုင်ငံရေးအစဉ်အလာကိုတောင် လေးစားထောက်ထားရမှန်းမသိဘဲ ပါတီ ခေါင်းဆောင်အမျိုးသမီးရဲ့ ကိုယ်ရံတော်တပ်မှူးလေးများ ဖြစ်ကြတဲ့ ဝေလေလေလူငယ်တို့၊ သုံးရောင်ခြယ်လူငယ်တို့ကဝိုင်းပြီး သရော်ကြ၊ လှောင်ကြ၊ ပြောင်ကြသဗျ။ တက်ရောက်လာတဲ့ ပါတီပေါင်းစုံက ကိုယ်စားလှယ်တွေလည်း NLD ပါတီရဲ့ ပါတီကြီးဝါဒနဲ့၊ လူအုပ်စုနဲ့ အနိုင်ကျင့်ခြယ်လှယ်ချင်တဲ့ မရိုးသားတဲ့အကျင့်အကြံ ကလိမ်စေ့ဉာဏ်ကို အော့ကြောလန်စွာနဲ့ တပ်ခေါက်ပြန်ကြရတယ်ဗျာ။

သို့သော်လည်းပေါ့ဗျာ။ အဲသလို အစည်းအဝေးကမပြီးမပြတ် မတင် မကျနဲ့ ရတ်ရတ်သဲသဲဖြစ်နေတဲ့ ကာလအတွင်းမှာပဲ NLD ပါတီဟာ အချိန်ရှိခိုက် လုံ့လစိုက်ကြတဲ့အနေနဲ့ ပါတီဥက္ကဋ္ဌဆိုသူ ပုဂ္ဂိုလ်ကြီးနဲ့ အပေါင်းပါ ဗဟိုအလုပ်အမှုဆောင် အချို့က ပါတီပေါင်းစုံ ကိုယ်စားလှယ်တွေရဲ့ အစည်းအဝေး တက်ရောက်ကြောင်း လက်မှတ်ထိုး စာရွက်ကို ယူပြီးတော့ ပါတီခေါင်းဆောင်အမျိုးသမီးကို နိုင်ငံတော်အစိုးရနဲ့ တွေ့ဆုံဖို့ ကိုယ်စားလှယ်အဖြစ် ပါတီပေါင်းစုံက ရွေးချယ်လိုက်ပါတယ်ဆိုပြီး သက်ဆိုင်ရာ တာဝန်ရှိသူများဆီမှာ လိမ်လည်တင်ပြခဲ့ကြသဗျ။

ထားလိုက်ဦးခင်ဗျာ။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးမှာလည်း အမေရိကန်အစိုးရရဲ့ ခွေးကတက်မှာ မှီခိုကပ်ရပ်နေထိုင်စားသောက်နေရတဲ့ ပြည်ပြေးစိန်ဝင်းဟာ သူ့ကို လွှတ်တော်ကိုယ်စားလှယ် ၂၅၀ က ထောက်ခံထားတဲ့ လက်မှတ်တွေရှိတယ် ဆိုပြီး စင်ပြိုင်အစိုးရရဲ့ဝန်ကြီးချုပ် လုပ်သတဲ့ခင်ဗျာ။ အဲ...သက်ဆိုင်ရာက လွှတ်တော်ကိုယ်စားလှယ်တွေကို ခေါ်ယူမေးမြန်းလိုက်တော့ ပြည်ပြေးစိန်ဝင်းကို ဘယ်လွှတ်တော်ကိုယ်စားလှယ်ကမျှ မထောက်ခံကြပါဘူးတဲ့ ခင်ဗျာ။

အဲ...ရှိသေးသဗျ။ ၁၉၉၈ ခုနှစ်မှာ NLD ပါတီ ခေါင်းဆောင်အမျိုးသမီးက ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ လွှတ်တော်ခေါ်ပေးရမယ်ဆိုပြီး ရာဇသံအာဏာသံတွေနဲ့ ခြိမ်းခြောက်တဲ့အပြင် ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ မလုပ်ဖူး မကိုင်ဖူး မရှိဖူးသေးတဲ့ လွှတ်တော်မရှိဘဲ လွှတ်တော်ကိုယ်စားပြု ကော်မတီဆိုတဲ့ မင်းမဲ့အုပ်စုကို

လွှတ်တော်ကိုယ်စားလှယ် ၂၅၀ ရဲ့ ထောက်ခံချက်နဲ့ ပွဲ
ထူထောင်လိုက်သတဲ့ ခင်ဗျာ။

စဉ်းစားကြည့်ကြပါတော့ခင်ဗျာ။ အစ်မဖြစ်သူ NLD
ခေါင်းဆောင်အမျိုးသမီးနဲ့ မောင်ဖြစ်သူ NLDရဲ့ အနှ
ပြည်ပြေးစိန်ဝင်းတို့ မောင်နှမနှစ်ယောက်လုံးက လွှတ
ကိုယ်စားလှယ် ၂၅၀ ဆိုတဲ့ ကိန်းဂဏန်းကို ဖင်ခုထိုင်ပြီး ဘ
အထောက်အထားမှမရှိဘဲ အလွဲသုံးစားလုပ် လိမ်လည်နေ
ဆိုတာ အာဏာရမ္မက် အဆိပ်အပင်းမိနေတာ အရပ်က
ပေါ့ခင်ဗျာ။

ထိုနည်းလည်းကောင်းပေါ့ဗျာ။ ၁၉၉၉ ခုနှစ်အဝ
လက်ကျန် NLD ပါတီခေါင်းဆောင်အမျိုးသမီးနဲ့ ဗဟို
အမှုဆောင်တွေနဲ့ မြို့နယ်အဆင့် ရှိစုမဲ့စု လက်ကျန်ခေါင်း
တွေဟာ စာရွက်လွတ်တွေ ပေါ်မှာ ပါတီဝင်တွေကို
တိတ်တိတ်နဲ့ လက်သိပ်ထိုး လက်မှတ်ထိုး ခိုင်းကြသတဲ့
အဲသလို စာရွက်လွတ်တွေနဲ့ ပါတီဝင်တွေကို လက်မှတ်ထိုး
အခါမှာ ပါတီဝင်တွေက တော်တော်လေး အစာမကြေ ရင်
သလိုမျိုး ဖြစ်လာကြသလား မသိဘူးခင်ဗျာ။ "ဘာအ
ထိုးရမှာလဲ၊ ဘာကိစ္စထိုးရမှာလဲ၊ အကျိုးအကြောင်းလေး
ဖွင့်မပြောနိုင်ဘူးလား။ အရိပ်အငွေ့လေးတောင် အသိမ
ဘူးလား၊ ကျွန်တော်တို့၊ ကျွန်မတို့လည်း ပါတီဝင်တွေပဲ၊ ကျွ
တို့၊ ကျွန်မတို့ကိုတောင် မယုံဘူးလား" ဆိုတဲ့ အမေး
စူးစမ်းမှုတွေနဲ့ ပါတီဝင်တွေက အရစ်ရှည်လာတော့
ခေါင်းဆောင် အမျိုးသမီးအပါအဝင် လက်ကျန်ရှိစုမဲ့စု
ခေါင်းဆောင်ဆိုသူတွေဟာ ငါးသလောက်ပြုံး လေးတွေ
ကိုယ်စီ ပြုံးပြပြီး "ကျွန်မတို့၊ ကျွန်တော်တို့ကိုယုံပါ၊
ပါတီဝင်တွေ အကျိုးအတွက် လုပ်မှာပါ၊ မဟုတ်တာ မလုပ်
အခြေအနေအရ ဖွင့်မပြောသေးတာပါ၊ လက်မှတ်ကို ရဲရဲ
စမ်းပါ" ဆိုတဲ့ အပြောလေးနဲ့ ဖဲသုံးချပ်သမားလို ပေါ်
စားသွားကြသတဲ့ခင်ဗျာ။

အဲသဟာအပြင် လာသေးသဗျ။ သာအေးက ဆိုသလို
NLD ပါတီဟာ ပါတီဝင်တွေက လက်ပြနှုတ်ဆက် နှ
သွားတာတွေကော၊ ပြည်သူတွေက နိုင်ငံနဲ့အဝန်း ဆန့်ကျင်
ရှုတ်ချကန့်ကွက်တာတွေကော ရင်ဆိုင်နေရပြီး ပါတီဌာ
ကလည်း ကျိုးနဲ့ဖုတ်ဖုတ်၊ စည်းရုံးရေးကလည်း လှုပ်လှုပ်
မမြဲ ယိုင်လဲပြိုကျတော့မလို ဖြစ်နေတော့ ပါတီစည်းရုံး
ပြန်လည်ဖွဲ့စည်းတဲ့ အစီအစဉ်နဲ့ ပါတီဝင် အင်အားကောင်း
တိုင်းအလိုက်၊ မြို့နယ်အလိုက် ပါတီဝင် စည်းရုံးရေး ဆင်းကြ
သို့ကလို စည်းရုံးရေးဆင်းဖို့ ညွှန်ကြားတဲ့အခါမှာ ဗဟို
အမှုဆောင် ပုဂ္ဂိုလ်ကြီးများက ဘယ်လိုတွေ မက်လုံးပေ
ဆိုတော့ "ပါတီဝင်အင်အားအများဆုံး စည်းရုံးနိုင်တဲ့ ပါတီ
မြို့နယ်အဆင့်ဆိုရင် တိုင်းအဆင့် တိုးမြှင့်တာဝန်ပေးချီးမြှ
တိုင်း အဆင့်ဆိုရင် ဗဟိုအဆင့်အထိ တိုးမြှင့်တာဝန်
မြှင့်မယ်"လို့ ဩဝါဒစကားနဲ့ လမ်းညွှန်မိန့်ကြားကြသ

ဘာပြောကောင်းမလဲဗျာ၊ ပါတီဗဟိုအလုပ်အမှုဆေ
ပါတီတွင်း ရာထူးတိုးပေးရေး၊ မက်လုံးပေး လမ်းညွှ
သူ့ထက်ငါ အပြိုင်အဆိုင် အနိုင်မခံတဲ့ ပါတီဝင်စည်း
စီမံကိန်းကြီးဟာ တမလွန်ရောက် ပုဂ္ဂိုလ်တွေရဲ့ အမည်စာရ
စိတ်မနှံ့သူတွေရဲ့ အမည်စာရင်းတွေ၊ ကာယကံရှင် ပုဂ္ဂိုလ်
တိတ်တိတ်ပုန်းအလွဲသုံးစားလုပ်ထားတဲ့ အမည်စာရင်းတွေ
တကယ် ဘယ်တုန်းကမျှ သက်ရှိထင်ရှားမရှိခဲ့တဲ့ လံကြုပ်
စာရင်းတွေကို တန်းစီပြီး ပါတီဌာနချုပ်ကို ပို့လိုက်ကြသ

အဲ...အဖြစ်ကဆိုးသလား မပြောနဲ့၊ တမလွန်ရောက်
တွေ၊ စိတ်မနှံ့သူတွေ၊ သက်ရှိထင်ရှားမရှိခဲ့တဲ့ လံကြုပ်စာ
အမည် နာမတွေက ဘယ်လိုမျှ စောဒကမတက်တော့
ပါတီအတွက် သိက္ခာပျက် အရှက်ရစရာ မရှိပေမယ့် ကာယ
ပုဂ္ဂိုလ်တွေမသိဘဲ တိတ်တိတ်ပုန်း အလွဲသုံးစားလုပ်ခံရတဲ့ ပ
အမည်စာရင်းပါ ပုဂ္ဂိုလ်တွေကတော့ သူတို့မသိဘဲ ပါတီဝင်
ထည့်တာ၊ အိမ်မှာလူမရှိဘဲ အိမ်ထောင်စုစာရင်းအတိုင်း ပါတီ
ကောက်သွားတာ၊ စိုက်ပျိုးရေး ဘဏ်စာရင်းမှာရှိတဲ့ စာရင်
ကူးပြီး ပါတီဝင်စာရင်းထည့်သွားတာ စသည် စသည် ကလ
အလုပ်တွေနဲ့၊ မလည်ရှုပ် လုပ်ပြတာတွေကို အထုပ်
တိုင်တန်းကြတဲ့ တိုင်စာတွေဟာ သာစည်၊ ပျော်ဘွယ်၊ ရမည်
တပ်ကုန်းစတဲ့ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းတွေနဲ့
ကော်မရှင်တွေဆီ ဝင်လာမစဲ တသဲသဲ ဖြစ်ခဲ့ဖူးသဗျ။

ပြောစရာရှိတာလေးတွေကိုတော့ ပေါက်စ ပြောချင်သေ
ပြည်ပမှာရှိတဲ့ ပြည်ပြေးဝရမ်းပြေးအုပ်စုတွေနဲ့ ပြည်တွင်းမှ
NLD သတင်းပေးအချို့ရဲ့ မဟုတ်မမှန် လုပ်ကြံ

တန့် ပေါက်စ

တ်တော်ကိုယ်စားလှယ် ၂၅၀ ရဲ့ ထောက်ခံချက်နဲ့ ဖွဲ့စည်း ထောင်လိုက်သတဲ့ ခင်ဗျာ။

စဉ်းစားကြည့်ကြပါတော့ခင်ဗျာ။ အစ်မဖြစ်သူ NLDပါတီ ါင်းဆောင်အမျိုးသမီးနဲ့ မောင်ဖြစ်သူ NLDရဲ့ အနွယ်ဝင် ည့်ပြေးစိန်ဝင်းတို့ မောင်နှမနှစ်ယောက်လုံးက လွှတ်တော် ယ်စားလှယ် ၂၅၀ ဆိုတဲ့ ကိန်းဂဏန်းကို ဖင်ခုထိုင်ပြီး ဘယ်လို ထောက်အထားမှမရှိဘဲ အလွဲသုံးစားလုပ် လိမ်လည်နေတယ် တာ အာဏာရမ္မက် အဆိပ်အပင်းမိနေတာ အရပ်က သိတာ ါ့ခင်ဗျာ။

ထိုနည်းလည်းကောင်းပေါ့ဗျာ။ ၁၉၉၉ ခုနှစ်အတွင်းမှာ က်ကျန် NLD ပါတီခေါင်းဆောင်အမျိုးသမီးနဲ့ ဗဟိုအလုပ် မှုဆောင်တွေနဲ့ မြို့နယ်အဆင့် ရှိစုမဲ့စု လက်ကျန်ခေါင်းဆောင် ွဟာ စာရွက်လွှတ်တွေ ပေါ်မှာ ပါတီဝင်တွေကို တိုးတိုး တ်တိတ်နဲ့ လက်သိပ်ထိုး လက်မှတ်ထိုး ခိုင်းကြသတဲ့ခင်ဗျာ။ သလို စာရွက်လွှတ်တွေနဲ့ ပါတီဝင်တွေကို လက်မှတ်ထိုးခိုင်းတဲ့ ါမှာ ပါတီဝင်တွေက တော်တော်လေး အစာမကြေ ရင်မချောင် လိုမျိုး ဖြစ်လာကြသလား မသိဘူးခင်ဗျာ။ “ဘာအတွက် းရမှာလဲ၊ ဘာကိစ္စထိုးရမှာလဲ၊ အကျိုးအကြောင်းလေးတောင် ်မပြောနိုင်ဘူးလား။ အရိပ်အငွေ့လေးတောင် အသိမပေးနိုင် းလား၊ ကျွန်တော်တို့၊ ကျွန်မတို့လည်း ပါတီဝင်တွေပဲ၊ ကျွန်တော် ၊ ကျွန်မတို့ကိုတောင် မယုံဘူးလား” ဆိုတဲ့ အမေးအမြန်း စမ်းမှုတွေနဲ့ ပါတီဝင်တွေက အရစ်ရှည်လာတော့ ပါတီ ါင်းဆောင် အမျိုးသမီးအပါအဝင် လက်ကျန်ရှိစုမဲ့စု ပါတီ ါင်းဆောင်ဆိုသူတွေဟာ ငါးသလောက်ပြုံး လေးတွေ ကိုယ်စီ ယ်စီ ပြုံးပြပြီး “ကျွန်မတို့၊ ကျွန်တော်တို့ကိုယုံပါ၊ ပါတီနဲ့ တီဝင်တွေ အကျိုးအတွက် လုပ်မှာပါ၊ မဟုတ်တာ မလုပ်ပါဘူး။ ခြေအနေအရ ဖွင့်မပြောသေးတာပါ၊ လက်မှတ်ကို ရဲရဲထိုးကြ းပါ” ဆိုတဲ့ အပြောလေးနဲ့ ဖဲသုံးချပ်သမားလို ပေါ်တင်ကြီး းသွားကြသတဲ့ခင်ဗျာ။

အဲသဟာအပြင် လာသေးသဗျ။ သာအေးက ဆိုသလိုပေါ့ဗျာ။ LD ပါတီဟာ ပါတီဝင်တွေက လက်ပြနှုတ်ဆက် နုတ်ထွက် းတာတွေကော၊ ပြည်သူတွေက နိုင်ငံနဲ့အဝန်း ဆန့်ကျင်ဒဏ်ခတ် က်ချကန့်ကွက်တာတွေကော ရင်ဆိုင်နေရပြီး ပါတီဌာနချုပ် လည်း ကျီးနဲ့ဖုတ်ဖုတ်၊ စည်းရုံးရေးကလည်း လှုပ်လှုပ်နဲ့ မခိုင် မှဲ ယိုင်လဲပြိုကျတော့မလို ဖြစ်နေတော့ ပါတီစည်းရုံးရေးကို န်လည်ဖွဲ့စည်းတဲ့ အစီအစဉ်နဲ့ ပါတီဝင် အင်အားကောင်းအောင် င်းအလိုက်၊ မြို့နယ်အလိုက် ပါတီဝင် စည်းရုံးရေး ဆင်းကြသဗျ။ ကလို စည်းရုံးရေးဆင်းဖို့ ညွှန်ကြားတဲ့အခါမှာ ဗဟိုအလုပ် မှုဆောင် ပုဂ္ဂိုလ်ကြီးများက ဘယ်လိုတွေ မက်လုံးပေးသလဲ တော့ “ပါတီဝင်အင်အားအများဆုံး စည်းရုံးနိုင်တဲ့ ပါတီဝင်ကို နယ်အဆင့်ဆိုရင် တိုင်းအဆင့် တိုးမြှင့်တာဝန်ပေးချီးမြှင့်မယ်၊ င်း အဆင့်ဆိုရင် ဗဟိုအဆင့်အထိ တိုးမြှင့်တာဝန်ပေးချီး င့်မယ်”လို့ ဩဝါဒစကားနဲ့ လမ်းညွှန်မိန့်ကြားကြသတဲ့ဗျာ။

ဘာပြောကောင်းမလဲဗျာ၊ ပါတီဗဟိုအလုပ်အမှုဆောင်ရဲ့ တီတွင်း ရာထူးတိုးပေးရေး၊ မက်လုံးပေး လမ်းညွှန်မှုအရ ့ထက်ငါ အပြိုင်အဆိုင် အနိုင်မခံတဲ့ ပါတီဝင်စည်းရုံးရေး ကိန်းကြီးဟာ တမလွန်ရောက် ပုဂ္ဂိုလ်တွေရဲ့ အမည်စာရင်းတွေ၊ ်မနှံ့သူတွေရဲ့ အမည်စာရင်းတွေ၊ ကာယကံရှင် ပုဂ္ဂိုလ်မသိဘဲ တ်တိတ်ပုန်းအလွဲသုံးစားလုပ်ထားတဲ့ အမည်စာရင်းတွေ၊ အမှန် ကယ် ဘယ်တုန်းကမျှ သက်ရှိထင်ရှားမရှိခဲ့တဲ့ လံကြုပ်အမည် ရင်းတွေကို တန်းစီပြီး ပါတီဌာနချုပ်ကို ပို့လိုက်ကြသပေါ့ဗျာ။

အဲ•••အဖြစ်ကဆိုးသလား မပြောနဲ့၊ တမလွန်ရောက်ပုဂ္ဂိုလ် ွ၊ စိတ်မနှံ့သူတွေ၊ သက်ရှိထင်ရှားမရှိခဲ့တဲ့ လံကြုပ်စာရင်းဝင် မည် နာမတွေက ဘယ်လိုမျှ စောဒကမတက်တော့ NLD တီအတွက် သိက္ခာပျက် အရှက်ရစရာ မရှိပေမယ့် ကာယကံရှင် ုလ်တွေမသိဘဲ တိတ်တိတ်ပုန်း အလွဲသုံးစားလုပ်ခံရတဲ့ ပါတီဝင် မည်စာရင်းပါ ပုဂ္ဂိုလ်တွေကတော့ သူတို့မသိဘဲ ပါတီဝင်စာရင်း ည့်တာ၊ အိမ်မှာလူမရှိဘဲ အိမ်ထောင်စုစာရင်းအတိုင်း ပါတီစာရင်း ာက်သွားတာ၊ စိုက်ပျိုးရေး ဘဏ်စာရင်းမှာရှိတဲ့ စာရင်းထဲက းပြီး ပါတီဝင်စာရင်းထည့်သွားတာ စသည် စသည် ကလီကမာ လုပ်တွေနဲ့၊ မလည်ရှုပ် လုပ်ပြတာတွေကို အထုပ်ဖြေပြီး င်တန်းကြတဲ့ တိုင်စာတွေဟာ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ပ်ကုန်းစတဲ့ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ မြို့နယ် ာ်မရှင်တွေဆီ ဝင်လာမစဲ တသဲသဲ ဖြစ်ခဲ့ဖူးသဗျ။

ပြောစရာရှိတာလေးတွေကိုတော့ ပေါက်စ ပြောချင်သေးသဗျ။ ည်ပမှာရှိတဲ့ ပြည်ပြေးဝရမ်းပြေးအုပ်စုတွေနဲ့ ပြည်တွင်းမှာရှိတဲ့ LD သတင်းပေးအချို့ရဲ့ မဟုတ်မမှန် လုပ်ကြံပြောတဲ့ သတင်းတွေနဲ့ ပြည်ပအသံလွှင့်ဌာနအချို့ရဲ့ လုပ်ကြံဖန်တီးတဲ့ ဝါဒဖြန့်ထုတ်လွှင့်မှုတွေပဲ ဖြစ်ပါတယ်ဗျာ။

ပြောရမယ်ဆိုရင် ၁၉၉၉ ခုနှစ်လောက်ကပေါ့ခင်ဗျာ၊ ဧရာဝတီတိုင်း အမည်ပေါက် ဖောက်ပြန်တဲ့ ကြေးစားဝါဒဖြန့်ချိရေး ဝရမ်းပြေးအုပ်စုက ‘နဝတအကျဉ်းထောင်မှ အာဇာနည်များ’ အမည်နဲ့ စာအုပ်တစ်အုပ်ကို ထုတ်ဝေပြီး မြန်မာနိုင်ငံအစိုးရကို နိုင်ငံတကာအစိုးရများနဲ့ ပြည်သူများက ဖိနှိပ်ရက်စက်တဲ့ အစိုးရအဖြစ် အထင်အမြင်လွဲမှားအောင် ပုံဖော်လုပ်ကြံရေးသား ထားတယ်ဗျာ။

အဲဒီစာအုပ်ပါ ရေးသားချက်တွေနဲ့ ပတ်သက်ပြီး ဘယ့်ကလောက် လိမ်လည်ထားတယ်ဆိုတာ ပေါက်စ မှောက်ထား တဲ့ခွက်ကို လှန်လိုက်သလို အရင်းအတိုင်း ဖော်ကောင်လုပ်ပါ့မယ် ခင်ဗျာ။ စာအုပ်ပါ အရေးအသားအရ အသက်(၂၃)နှစ်ရှိတဲ့ အောင်မိုးဆိုသူဟာ ၁၉၈၈ခုနှစ် စစ်တပ်က အာဏာသိမ်းပြီး တဲ့နောက် နယ်စပ်ကိုထွက်ပြေးလာခဲ့ရာက နဝတက ကျောင်းသား များကို လွတ်ငြိမ်းခွင့်ပေးမယ်လို့ ကြေညာတဲ့အတွက် မြန်မာနိုင်ငံကို ပြန်သွားခဲ့ရာက မြန်မာနိုင်ငံကို ရောက်တာနဲ့ အောင်မိုးကို စစ်တပ်က ဖမ်းဆီးစစ်ဆေး ရိုက်နှက်ညှဉ်းဆဲလို့ ကျောရိုးအဆစ် တချို့ ပြုတ်ထွက်ပြီး ကွယ်လွန်သွားသတဲ့ခင်ဗျာ့။

အမှန်တော့ အောင်မိုးကို တောတွင်းက ပြန်လာလို့ ဖမ်းဆီးတာ မဟုတ်ဘဲ ၂၇–၁–၉၀ ရက်နေ့မှာ အစိုးရဆန့်ကျင်ရေး လှုံ့ဆော် စာတွေ ရေးသားပုံနှိပ်ထုတ်ဝေမှုနဲ့ ပြစ်ဒဏ်ထင်ရှားတဲ့အတွက် သက်ဆိုင်ရာ တရားရုံးက ထောင်ဒဏ်သုံးနှစ် အပြစ်ဒဏ် ချမှတ်လိုက်တာ ဖြစ်တယ်ဗျာ။ အောင်မိုးဟာ ၂၃–၆–၉၂ ရက်နေ့မှာ အကျဉ်းထောင်က လွတ်လာပြီး အမှတ်(၂၈) နတ်စင်လမ်း အမှတ်(၂)ရပ်ကွက် မော်ဘီမြို့မှာ နေထိုင် ရင်းနဲ့ ၂၀–၈–၉၃ ရက် နေ့မှာ အပေါင်းအသင်း သူငယ်ချင်းတွေနဲ့ အရက်သေစာ သောက်စားပြီး အမူးလွန်အပျော်ကြူးရာက မော်ဘီမြို့ အမှတ်(၃) တိုးချဲ့ရပ်ကွက်ရှိ မော်ဘီချောင်းထဲပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့တာ ဖြစ်တယ်ဗျာ။ အဲဒီဖြစ်စဉ်ကို မော်ဘီတစ်မြို့လုံးကို မေးကြည့်ရင် သိနိုင်သဗျာ။ အလားတူပဲ အကျဉ်းထောင်က လွတ်လာပြီး အမှတ်(၁၆) အောင်သုခလမ်း မရမ်းကုန်းမြို့နယ်မှာ နေထိုင်နေတဲ့ မခင်မျိုးမြတ်(ခေါ်) မချယ်ရီဟာ ၉–၉–၉၂ ရက်နေ့မှာ ငါးချဉ် သုပ်နဲ့ထမင်းစားပြီး ငှက်ဖျားကာကွယ်ဆေး သောက်ရာက အစာ အဆိပ်ဖြစ်လို့ သေဆုံးသွားခဲ့တာကိုလည်း အာဏာပိုင် အဖွဲ့အစည်း တွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို မခံနိုင်တဲ့အတွက် ကိုယ့်ကိုကိုယ် ရဲရဲဝံ့ဝံ့ အဆုံးစီရင်လိုက်တာဖြစ်တယ်လို့ လုပ်ကြံစွပ်စွဲခဲ့သေး တယ်ခင်ဗျာ။

အခုလို ပြည်ပြေးဝရမ်းပြေးတွေက ကြမ်းခင်းဈေးပေါပေါနဲ့ အာဇာနည်ဘွဲ့ အပ်နှင်းတာတွေကိုလည်း NLD ပါတီက အကြွင်းမရှိ ထောက်ခံခဲ့တာကို ပေါက်စအမှတ်တရဖြစ်မိသဗျာ။

ရှင်းရှင်းလေးပဲဗျာ၊ ပေါက်စ အခုလိုမျိုးနောက်ကြောင်းပြန် နတ်သံနှောပြီး ပြောနေရတဲ့အကြောင်းရင်းက ဒီနေ့ကာလမှာ နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ ဆူပူအုံကြွမှုတွေ ဖြစ်လာအောင် ပြည်သူတွေအတွင်းမှာ လုပ်ကြံဖန်တီးလှုံ့ဆော်နေတဲ့ အဖြူရောင် လှုပ်ရှားမှုတို့၊ လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးမှုတို့၊ ငြိမ်းချမ်းရေး ဝတ်ပြုဆုတောင်းပွဲတို့ဆိုတဲ့ နိုင်ငံရေး စတန့်လုပ်ပွဲတွေနဲ့ ပြည်သူ တွေကိုလိမ်ပြီးရင်း လိမ်နေတာဟာ ဘာကမျှမဆန်းတဲ့ နိုင်ငံရေး မီးရှူးမီးပန်းလွှတ်တာတွေပဲဖြစ်သဗျ။

စဉ်းစားကြည့်ကြပေါ့ဗျာ၊ ပြည်သူတွေရဲ့ ရိုးသားဖြူစင်တဲ့ ပင်ကို ယဉ်ကျေးမှုစိတ်ဓာတ်အရ အဖြူရောင်ကို မြတ်မြတ်နိုးနိုး အများဆုံး ဝတ်စားဆင်ယင်ကြတဲ့ အခြေအနေနဲ့ ဌာနလုပ်ငန်း တွေက တူညီဝတ်စုံ အနေနဲ့ ဝတ်စားဆင်ယင်နေကြတာတွေပေါ်မှာ နိုင်ငံရေးအရ အမြတ်ထုတ် ခုတုံးလုပ်ပြီး အသုံးချတာကို ပေါက်စ မကြာသေးခင်က ပြောခဲ့ပြီး ရေးခဲ့ပြီးဖြစ်လို့ ထပ်ပြီးအထူးအထွေ ပေမရှည်တော့ပါဘူးခင်ဗျာ။

အခု ပေါက်စပြောချင်တာက ၈၈ မျိုးဆက်ကျောင်းသားအုပ်စု ဝင် အသက် ၄၀ ကျော် ၅၀လောက်ရှိပြီး သားတွဲလောင်း၊ မယား တန်းလန်းနဲ့ ပရမ်းပတာ နိုင်ငံရေးစတန့်ထွင်ပြီး ထင်ရာစိုင်းနေ ကြသူတွေကော အမျိုးသားနိုင်ငံရေးသမိုင်းစဉ်တရားကို ကန့်လန့် လိုက်ပြီး ကြီးမိုက်ကြီးတွေလို ငါမပါရင် ဘာကမျှ မပြီးမြောက်။ ငါ့လောက် အရေးပါသူ မရှိဆိုတဲ့ အတ္တစွဲ၊ ငါစွဲဝင့်ဆင်းရဲက မလွတ်မြောက်နိုင်သေးတဲ့ ဝါရင့် နိုင်ငံရေးသမားကြီးများဆိုသူ အချို့ကော၊ မလည်ရှုပ်ဘဝနဲ့ နိဂုံးချုပ်ကြရမယ့် NLD လက်ကျန် ပါတီခေါင်းဆောင်အချို့နဲ့ ပါတီဝင်အချို့ကော ပြည်သူရဲ့ ယုံကြည် ထောက်ခံမှုဆိုတာ အခုလို ဖောက်ပြန်မှုစရိုက်တွေနဲ့ လုံးဝ မထိုက်တန်ဘူးလို့ ပြောချင်တယ်ခင်ဗျာ။

ဘာလို့လဲဆိုတော့ အခုပဲကြည့်ဗျာ၊ လူထုဆန္ဒပြုလွှာ လက်မှတ် ရေးထိုးတဲ့ အလုပ်ဆိုပြီး မဟုတ်မမှန် လုပ်ကြံလက်မှတ်ရေးထိုးကြ ရာမှာ လောကီအလုပ်ကို စက်ဆုပ်ပြီး တရားအားထုတ်နေကြတဲ့ ဗုဒ္ဓရဲ့ သားတော်များဖြစ်ကြတဲ့ ရဟန်းသံဃာတော်များကိုလည်း ပါဝင်လက်မှတ်ရေးထိုးပါတယ်ဆိုပြီး လိမ်လည်ဝါဒဖြန့်လို့ သက် ဆိုင်ရာ ရဟန်းသံဃာတော်များမှာလည်း ကိုယ့်အလုပ်မဟုတ်တဲ့ နိုင်ငံရေး သပွတ်အူဇာတ်ရှုပ်မှာဝင်ပြီး ရှင်းရလင်းရသဗျာ။

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှာလည်း အရက်မူးနေတဲ့ ကိုသက် (ခေါ်) သားအိုကို အတင်းအကျပ် လက်မှတ်ထိုးခိုင်းတဲ့အပြင် စိတ်ဝေဒနာရှင် အမျိုးသမီး မဝင်း ရွှေရဲ့ အမည်စာရင်းနဲ့ လက်မှတ်အတုထိုးတာကို ညောင်ရွှေ မြို့နယ် လူထုအနေနဲ့ တအံ့တဩဖြစ်ပြီး မုန်းတီး ရွံရှာ နေကြသတဲ့။

အဲသဟာအပြင် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၁ရက်နေ့က လည်း မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မပါလကျောင်းတိုက်ရှေ့မှာ ၈၈မျိုးဆက် ကျောင်းသားအုပ်စုဝင်တွေရဲ့ ခေါင်းဆောင်များ လွတ်မြောက်ရေးအတွက် မေတ္တာသုတ်ရွတ်ဖတ်ပေးဖို့ လှုံ့ဆော်စာ တစ်စောင် လာရောက် ကပ်ထားလို့ မန္တလေးမြို့ မြတောင်တိုက်၊ မစိုးရိမ်တိုက်ဟောင်းနဲ့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှိ ရဟန်း သံဃာတော်များအနေနဲ့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာ သုံးရပ်ကို မြင့်မြတ်စင်ကြယ်စွာ လေ့လာအားထုတ်ကျင့်ကြံ နေတာကို ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေက နိုင်ငံရေး ဇာတ်ရှုပ်ထဲ ဆွဲသွင်းနေတာနဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက် တွေ ဖြစ်ကြရတယ်ဆိုတာကိုလည်း ပေါက်စတို့ ကြားနေသိနေရ တယ်ဗျာ။

ဘယ့်နှယ်ဗျာ၊ လောကီနဲ့ဝေးစေဖို့ လောကုတ္တရာအလုပ်ကို အားထုတ်ကြိုးပမ်းနေတဲ့ ရဟန်းသံဃာ အရှင်သူမြတ်တွေရဲ့ သာသနာပြုလုပ်ငန်းတွေကိုတောင် အဖျက်အမှောက် အနှောင့် အယှက်ဖြစ်စေတဲ့ သာသနာဖျက် ဓမ္မန္တရာယ် အလုပ်မျိုးနဲ့ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေဟာ ငရဲမကြောက် အပါယ် မစိုးရိမ်တဲ့အထိ မိုက်မိုက်မဲမဲ ကျူးလွန်နေကြပါကလားလို့ ပေါက်စ ကြားကနေ အခမဲ့ သနားမိသဗျ။

အဲသလိုပဲ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာ့မြေဖြစ်တဲ့ ရွှေတိဂုံ ကုန်းတော်ပေါ်ကို ဂေါပကအဖွဲ့ရဲ့ ခွင့်ပြုချက်မရဘဲ ကျူးကျော် ဝင်ရောက်ပြီး ဝတ်ပြုဆုတောင်းပွဲအမည်ခံ နိုင်ငံရေးစတန့်ကို ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်များနဲ့ NLD ပါတီဝင်များ အပါအဝင် ဝါရင့်နိုင်ငံရေးသမားများက လုပ်ခဲ့ကိုင်ခဲ့တဲ့အတွက် အများပြည်သူ ရဟန်းရှင်လူများ အေးချမ်းစွာ ဘုရားဝတ်ပြုနေ တာကို နှောင့်ယှက်မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် လှုံ့ဆော်မှုတို့နဲ့အတူ ရွှေတိဂုံဘုရား ဂေါပကအဖွဲ့က ထုတ်ပြန် ထားတဲ့ တရားပွဲနဲ့ အခမ်းအနားဆိုင်ရာ စည်းကမ်း၊ ဂေါပက အဖွဲ့စည်းမျဉ်းအပိုဒ် ၇၇(ဏ)၊ အပိုဒ်ခွဲ (၁၀)ပါ အခမ်းအနားပြုလုပ် လိုသူများက မိမိတို့ ပြုလုပ်လိုတဲ့ အခမ်းအနားအစီအစဉ်နဲ့ ရည်ရွယ်ချက်၊ ကြီးကြပ်ဆောင်ရွက်မယ့် ပုဂ္ဂိုလ်များနဲ့ ဟောပြော မယ့် ပုဂ္ဂိုလ်တို့ရဲ့ အမည်စာရင်းကို ကြိုတင်တင်ပြရမယ်ဆိုတဲ့ အချက်ကို ဖောက်ဖျက်ကျူးလွန်မှုတို့နှင့် ပတ်သက်ပြီး ဒဂုံမြို့နယ် ရဲတပ်ဖွဲ့ စခန်းကို ရွှေတိဂုံဘုရားဂေါပကအဖွဲ့က တိုင်ကြားထားတဲ့ အကြောင်း သိရသဗျာ။

အဲသလို အပေါက်အချိုးမျိုးကို ၈၈ မျိုးဆက်အုပ်စုဝင်တွေက လုပ်ရိုးလုပ်စဉ် ခေါက်ရိုးကျိုးလုပ်နေကျပဲ ဖြစ်သဗျ။ လူစည်ကားတဲ့ ဘုရား၊ ကျောင်းကန်၊ ဇရပ်တွေ၊ လူအများ သွားလာနေတဲ့ လမ်းတွေမှာ သူတို့ကို မျောက်ပွဲ ကြည့်သလို ဝိုင်းကြည့်နေရင်လည်း သူတို့ကို ထောက်ခံတယ်ပေါ့ဗျာ။ လုပ်ငန်းသဘာဝအရ၊ နေရာ ဒေသအရ အမြဲတစေ လူအများနဲ့ စည်ကားတဲ့နေရာဒေသတွေမှာ ရှုတ်ရှုတ်ရှုတ်ရှုတ်နဲ့ နိုင်ငံရေးစတန့် လုပ်ပြတာမျိုးဟာ နိုင်ငံတကာ သူလျှိုအဖွဲ့အစည်းက ဂျင်းရှုပ်ရဲ့ နိုင်ငံရေးအန်တုနည်း သင်ခန်းစာ ပို့ချချက်ဖြစ်သလို NLD ပါတီက ကျင့်သုံးခဲ့တဲ့ လက်တွေ့ လေ့ကျင့်ခန်းတွေလည်းဖြစ်သဗျ။

ပြောမယ်ဆိုရင်ပေါ့ဗျာ၊ လူထုဆန္ဒပြုလွှာ လက်မှတ်ထိုး ထောက်ခံတယ်ဆိုတဲ့ နိုင်ငံရေးအကြံအဖန် အလုပ်ကလည်း စက္ကူ အဖြူပေါ် ဘာအကြောင်းအရာမှရေးမထားဘဲ လက်မှတ်ထိုးခိုင်း တယ်ဆိုကတည်းကမရိုးမသားလုပ်နေတယ်ဆိုတာ ထင်ထင်ရှားရှား ကြီးပါ။ နိုင်ငံရေးအရ ဘယ်လိုမျှ သိက္ခာမရှိတဲ့ ဖိုးတွမ်တီး အလုပ်မျိုးကို မရှက်မကြောက်လုပ်နေကြတာကိုပဲ သူတို့ကိုယ် သူတို့ နိုင်ငံချစ်တဲ့၊ ပြည်သူချစ်တဲ့သူတွေပါဆိုပြီး အသံကုန် ဟစ်နေတာကလည်း ပေါက်စတော့ရယ်ရသဗျာ။

အဲသဟာအပြင် စက္ကူအဖြူစာရွက်လွတ်ပေါ်မှာပဲ တမလွန် ရောက်နေတဲ့သူတွေရဲ့ အမည်စာရင်းနဲ့ လက်မှတ်အတုတွေ ထိုးသဗျာ။ မူးကြောင်ရူးကြောင်လူတွေကိုလည်း အတင်းလက်မှတ် ထိုးခိုင်းသဗျာ။ တပည့်သားမြေးတွေကိုလည်း ဩဇာအာဏာသုံးပြီး လက်မှတ်ထိုးခိုင်းသဗျာ။ ကာယကံရှင် ပုဂ္ဂိုလ်မသိဘဲ လက်မှတ် အတုလည်း ထိုးကြသဗျာ။ ဘယ့်ကလောက် မလိမ့်တပတ် လုပ်ပြသလဲဆိုရင် လက်မှတ်ထိုးသူအနေနဲ့ ပုဂ္ဂိုလ်အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြရတာ ဖြစ်ပေမယ့် အခု ၈၈မျိုးဆက်အုပ်စုဝင်များနဲ့ NLD ပါတီတို့ ခေါင်းဆောင်ပြီး စည်းရုံးကောက်ခံတဲ့ လူထုဆန္ဒပြုလွှာ လက်မှတ်ထိုးတဲ့ ကိစ္စ ဝိစ္စကြီးမှာတော့ ပုဂ္ဂိုလ်အမည်တွေ၊ အလုပ်အကိုင်တွေ၊ နေရပ် လိပ်စာတွေ ဖော်ပြစရာမလိုဘဲ လက်မှတ်ထိုးရုံပဲ ထိုးရင်ဖြစ်သတဲ့ ခင်ဗျာ။

စဉ်းစားကြည့်ပေါ့ဗျာ။ စက္ကူအဖြူစာရွက်လွတ်ပေါ်မှာ လက်မှတ်ပဲ ထိုးရင်ဖြစ်တယ်ဆိုတဲ့ ထောက်ခံဆန္ဒ လက်မှတ်ထိုးတဲ့ အလုပ်ဟာ ဘယ့်ကလောက်ယုံကြည်ဖို့ သိက္ခာရှိလိုက်မလဲခင်ဗျာ။ လက်မှတ်ထိုးရုံပဲ ဆိုတော့ ဘယ်သူမထိုးထိုး တို့ကိုယ်တိုင်ပဲထိုးရင် ကိစ္စပြီးတာပေါ့ဆိုတဲ့ ကလိမ်ကကျစ်ဉာဏ်နဲ့ ဖန်တီးစီရင်လုပ်ကြံတဲ့ လုပ်ပွဲပဲဖြစ်တယ်လို့ပဲ ပေါက်စရဲ့ ဦးနှောက်ပိစိကွေးထဲမှာ တရေးရေးပေါ်လာတယ်ခင်ဗျာ။

သို့ကလိုသော မရိုးမသားလုပ်ပေါက်၊ ကိုင်ပေါက်တွေနဲ့ ပတ်သက်ပြီး ပေါက်စ ထောက်ပြရရင် ရန်ကုန်တိုင်း ရွှေပြည်သာ မြို့နယ် လူထုကို ရပ်ရှင်သရပ်ဆောင်တွေလည်း လက်မှတ်ထိုးတာ၊ ခင်ဗျားတို့လည်း ထိုးကြပါဆိုပြီး ရုပ်ရှင်သရုပ်ဆောင်၊ အနုပညာ ရှင်တွေကို ခုတုံးလုပ် လက်မှတ်ထိုးခိုင်းပေမယ့် စောဖေက နောကျေနေတဲ့ ရွှေပြည်သာ ပြည်သူလူထုက လက်မှတ်မထိုးကြ ဘူးတဲ့ခင်ဗျာ။

ထိုနည်းတူစွာပေါ့ခင်ဗျာ။ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် လူထု ကလည်း ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေနဲ့ NLD လက်ကျန်တွေရဲ့ အကြံအဖန်ဖြစ်တဲ့ လူထုဆန္ဒပြုလွှာ လက်မှတ် ထိုးတဲ့အလုပ်ကို မလုပ်ကြတဲ့အတွက် အရှက်ပြေသဘောနဲ့ လက်မှတ်တုထိုးပြီး NLD ပါတီဌာနချုပ်ကို အချိန်မီပို့နိုင်အောင် ကလိမ်ကကျစ်အလုပ်တွေ လုပ်နေကြတာကို သိနေကြ တော့ ဘိုကလေးမြို့နယ် လူထုအနေနဲ့ သူတို့မသိဘဲ သူတို့ရဲ့လက်မှတ် အတုတွေ ထိုးလိုက်မှာကို စိုးရိမ်တကြီးနဲ့ သောကဖိစီးနေကြ သတဲ့ခင်ဗျာ။

အဲသဟာအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေ မြို့နယ်မှာလည်း အရက်မူးနေတဲ့ ကိုသက်(ခေါ်) သားအိုကို အတင်းအကျပ် လက်မှတ်ထိုးခိုင်းတဲ့အပြင် စိတ်ဝေဒနာရှင် အမျိုးသမီး မဝင်းရွှေရဲ့ အမည်စာရင်းနဲ့ လက်မှတ်အတုထိုးတာကို ညောင်ရွှေမြို့နယ် လူထုအနေနဲ့ တအံ့တဩဖြစ်ပြီး မုန်းတီးရွံရှာ နေကြသတဲ့ခင်ဗျာ။

အခုလိုတွေ ပြည်တွင်းမှာ မဟုတ်မမှန် လုပ်ကြံဖန်တီးတဲ့ လက်မှတ်အတုတွေ၊ လက်မှတ်အလိမ်တွေထိုးပြီး မလိမ့်တပတ် နှစ်ပေါက် တစ်ပေါက်အလုပ်တွေ လုပ်နေသလို၊ အိမ်နီးချင်းနိုင်ငံ မဲဆောက်မြို့မှာလည်း ပြည်ပြေး၊ ဝရမ်းပြေးအုပ်စုဝင် ရောင်ခြည်ဦး အဖွဲ့ကလည်း ပြည်ပမှာ တရားမဝင် သွားရောက်အလုပ်လုပ် ကိုင်နေကြတဲ့ ပြည်ပရောက် အလုပ်သမားတွေကို လူထုဆန္ဒပြုလွှာ လက်မှတ်ထိုးပေးရင် အိမ်နီးချင်းနိုင်ငံရဲ့များရဲ့ အန္တရာယ်က အကာအကွယ်ပေးပြီး အလုပ်အကိုင်ရရှိအောင် ကူညီမယ်ဆိုပြီး မက်လုံးပေးစည်းရုံးနေကြတဲ့အတွက် အလုပ်သမားများ အနေနဲ့ လက်မှတ်ရေးထိုးရတဲ့ အကြောင်းရင်းကို ဘာကမျှမသိဘဲ လက်မှတ်ရေးထိုးပေးနေတာမျိုးလည်း ရှိနေသတဲ့ခင်ဗျာ။

ကဲ•••ပေါက်စလည်း ရှည်လျားပေများစွာနဲ့ ရှင်းရ လင်းရတာတွေကို စကားဖြတ်ပြီး အနားသတ်ပါတော့မယ်ခင်ဗျာ။ ပေါက်စ ရှင်းခဲ့၊ လင်းခဲ့တဲ့ ဖြစ်စဉ်အလုံးစုံဟာ မယုံချင်စရာ ပုံပြင်ပမာ ဒဏ္ဍာရီလည်းမဟုတ်ပါခင်ဗျာ။ ပြောမယုံ ကြုံဖူးမှ သိဆိုသလို မြန်မာပြည်သူ ခုနစ်ရက်သားသမီး အားလုံးလက်တွေ့၊ မျက်တွေ့ မြင်နေ၊ ခံစားနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသား အုပ်စုဝင်များနဲ့ NLD ပါတီဝင်များ၊ ဝါရင့်နိုင်ငံရေးသမားများက နိုင်ငံရေးစတန့်လုပ်နေတဲ့ သပွတ်အူဇာတ်ရှုပ်ကို သတင်းထုတ်ပြန် ရေးကော်မတီက (၇/၂၀၀၆)သတင်းစာရှင်းလင်းပွဲနဲ့ အထုပ်ဖြေ ပြခဲ့ပြီး ဖြစ်ပါတယ်။ ပေါက်စက ထပ်ဆင့်ပြီး NLD ပါတီဝင်တွေ၊ ၈၈မျိုးဆက်အုပ်စုဝင်တွေနဲ့ ဝါရင့်နိုင်ငံရေးသမား တွေရဲ့ လုပ်ရပ်ဟာ **“တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်နေသော ပါတီနိုင်ငံရေးစတန့်”**များသာဖြစ်ကြောင်း စလောင်းမတပ်ဘဲ မောင်းခတ် ကြေညာလိုက်ပါတယ်ခင်ဗျား။ ။

* ကျောဖုံးမှ

ရော်ဘာ ဧကတစ်သိန်း ပြည့်မီအောင် ဆက်လက်တိုးချဲ့စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကုန်သည်ကြီးများအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ခိုင်မာတောင့်တင်းစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျိုင်းတုံမြို့နယ်မှ ကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များကလည်း မိမိတို့၏ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ရှေးရှုပြီး တိုးတက်ပြောင်းလဲလာသော စီးပွားရေးပုံသဏ္ဍာန်နှင့် ကုန်သွယ်မှုနည်းစနစ်များနှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန် နိုင်ငံတော်က စီမံဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်

စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသနှင့်ကိုက်ညီမည့် သီးနှံမျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရေး၊ ရော်ဘာနှင့်လက်ဖက်ကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကိုလည်းကောင်း တိုးချဲ့စိုက်ပျိုးကြရေးနှင့် လိုအပ်ချက်များကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက တတ်နိုင်သည့်ဘက်မှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသခံကုန်သည်ကြီးများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်၏ အနှစ်သာရနှင့် လိုအပ်ချက် အခြေအနေများကို လက်တွေ့ကျကျ သိမြင်နားလည်ရန် လေ့လာပြီး နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပို၍ပို၍ တိုးတက်ဖွံ့ဖြိုးရန် ဈေးကွက်ကိုအာရုံစိုက်ကာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ကြက်သွန်ဖြူနှင့် ပဲပုပ်ကဲ့သို့သော ဒေသထွက်ကုန် စိုက်ပျိုးသီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ ပြည်ပပို့ကုန်များ၊ တိုးမြှင့်ထုတ်လုပ်ပြီး သွင်းကုန်အစားထိုးသီးနှံများကိုလည်းကြိုးပမ်းစိုက်ပျိုး ထုတ်လုပ်ကြရေးနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ ဒီဂရီကောလိပ်သို့ သွားရောက်ကြ၍ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အဝေးသင်တက္ကသိုလ်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းပျဉ်း၊ မိုင်းခုတ်၊ မိုင်းယန်း၊ မိုင်းတုံနှင့် ပန်ယန်း(မက်မန်း) မြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသခံတိုင်းရင်းသားလူငယ်များ အလုပ်ခွင်မပျက် ပညာဆက်လက်သင်ယူနိုင်ရန် အဝေးသင်စနစ်ဖြင့် နိုင်ငံတော်က ပညာရေးအခွင့်အလမ်းကို လက်လှမ်းတမီ စေတနာဖြင့် စီမံဆောင်ရွက်ပေးထားခြင်းဖြစ်ရာ ကျောင်းသားကျောင်းသူများအနေဖြင့် ကျွမ်းကျင်တတ်မြောက်ရန် အပတ်တကုတ် သင်ယူဆည်းပူးပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပြည်ထောင်စုကြီး ထာဝရ အေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များကို ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံဒီဂရီကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများအား စုဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးရာ ရှေးဦးစွာ ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေက ကျိုင်းတုံဒီဂရီကောလိပ်၏ နောက်ခံသမိုင်း၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ အဝေးသင်ကျောင်းသား ၁၃၇၆ ဦး အပါအဝင် စုစုပေါင်း ၁၇၉၁ ဦးတို့ ပညာသင်ကြားမှုနှင့် အသုံးပြုလျက်ရှိသော စာသင်ခန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဆရာ၊ ဆရာမများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်က အားထားရ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး မှန်မှန်ကန်ကန် တွေးခေါ်မြော်မြင်နိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် စေတနာထားပြီး လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ကြရန်လိုကြောင်း။

တိုးချဲ့တည်ဆောက်လျက်ရှိသည့် နှစ်ထပ်စာသင်ဆောင်ကိုလည်း သတ်မှတ်အချိန်မီ ပြီးစီးရေးအတွက် စီမံဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံဒီဂရီကောလိပ် နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါကျိုင်းတုံဒီဂရီကောလိပ် နှစ်ထပ်စာသင်ဆောင်မှာ ၁၆၈ ပေ X ၃၈ပေ ဖြစ်ပြီး ၅၀ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ–မိုင်းပျဉ်း–တာကောလမ်း၏ ကျိုင်းတုံ–တုံတာလမ်းပိုင်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး မိုင်တိုင်အမှတ် (၃၉၂/၀)၌ သဲတောင်ပြိုကျမှုကြောင့် မြေထိန်းနံရံ တည်ဆောက်ရေးအတွက် ဆောင်ရွက်စီမံထားရှိမှုများကို ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းငွေက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံ–တုံတာလမ်းပိုင်းရှိ လမ်းနှင့် တံတားများ ကြံ့ခိုင်မှုနှင့် လမ်းကြောင်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၃၈၆/၀)သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူးကြီး ဦးသောင်းငွေက လမ်းနှင့် တံတား ပြုပြင်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တံတားအမှတ် (၃၈၆/၃)၌ အကျယ် ၂၄ ပေ၊ အရှည် ၁၂ ပေရှိ သံကူကွန်ကရစ် ၁၁ မိုင် တံတား ပြင်ဆင်ဆောက်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားရာတွင် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တာကော–မိုင်းပျဉ်း–ကျိုင်းတုံလမ်းအပိုင်းနှင့် ပတ်သက်၍ မိုးရာသီ၌ သဲတောင်များပြိုကျမှုမရှိစေရေးအတွက် လိုအပ်သောနေရာများ၌ ပွင့်လင်းရာသီ၌ အချိန်မီ ကျောက်စီမြေထိန်းနံရံကို စနစ်တကျတည်ဆောက်သွားရန်၊ မူလကတ္တရာလမ်း အကျယ် ၁၂ ပေကို ပြည်ထောင်စုလမ်း ဖြစ်သည်နှင့်အညီ နိုင်ငံတော်မှညွှန်ကြားသော ၁၂ ပေအကျယ် ထပ်မံ၍ အမာခံကျောက်ချောလမ်းအဖြစ် ဆက်လက်၍ အဆင့်ဆင့် တိုးချဲ့စီမံ ပြုပြင်ဖောက်လုပ်သွားရေး၊ မြေထိန်းနံရံများတည်ဆောက်ရာတွင် မြေထိန်းနံရံမှ ရေဆင်းမြောင်းများကို လိုအပ်သည့် နေရာတိုင်း၌ ထည့်သွင်းဖောက်လုပ်ရေး၊ ထို့အပြင် မိုင်တိုင်အမှတ် (၃၈၆/၀)၌ တည်ဆောက်လျက်ရှိသည့် သံကူကွန်ကရစ် တံတားကိုလည်း ခရီးသွားလာမှုလွယ်ကူစေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးတို့အတွက် အထောက်အကူပြုစေရန် စံချိန်စံညွှန်းမီဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးရေး အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး ကျိုင်းတုံမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်း စာစီစာကုံး ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၈

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော GUNKUL စာပေဆုနှင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဆရာခင်မောင်ညို (ဘောဂဗေဒ)၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်း (မောင်သက်အောင်)၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးစောအောင်မြဝင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ဆက်လက်၍ လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ယာယီ အတွင်းရေးမှူး ဦးဝင်းကြည်ခိုင်(လင်းဇော်ခိုင်)က ဆုရွေးချယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆုရသူများစာရင်းကို ကြေညာသည်။

ထို့နောက် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ မမေမြတ်သူ၊ ဒုတိယ မအိအိရဲထွဋ်ခင်၊ တတိယ မောင်ထက်ကိုကိုဝင်းနှင့် အထူးဆု သုံးဆု၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ မအိသဉ္ဇာလင်း၊ ဒုတိယ မခြူးကလျာလှိုင်၊ တတိယ မချောရူပါနိုင်နှင့် အထူးဆု သုံးဆု ရရှိသူများ၊ အခြေခံပညာ အထက်တန်းအောင် လှိုင်မြို့နယ်အတွင်းမှ အင်္ဂလိပ်စာ အမှတ်အများဆုံးရ၃မှတ်ဖြင့် ဂုဏ်ထူးရှင် မစုလှိုင်ဖြိုးတို့အား အလှူရှင် GUNKUL ကုမ္ပဏီမှ ဒေါ်ခိုင်ခိုင်မြင့်**(အပေါ်ပုံ)**၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ဆရာခင်မောင်ညို (ဘောဂဗေဒ)၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်း (မောင်သက်အောင်)နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ်သည်။

(က–ပ)

တောင်လေးလုံးစိုက်ပျိုးရေးအလုပ်စခန်း၌ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ပြည်နယ် ခုခံအားကျ/ကာလသား ရောဂါ တိုက်ဖျက်ရေးဌာနမှ ဆရာဝန်ကြီး ဒေါက်တာဉာဏ်ထွန်း ခေါင်းဆောင်သော အဖွဲ့ဝင် ခုနစ်ဦးတို့သည် အောက်တိုဘာ ၂၆ ရက်တွင် တောင်ကြီးမြို့ အကျဉ်းထောင်၏ တောင်လေးလုံး စိုက်ပျိုးရေးအလုပ်စခန်းရှိ အကျဉ်းသား ၇၀၊ ရဲဘက် ၃၀နှင့် အကျဉ်းသူ ၆၅ဦး စုစုပေါင်း ၁၆၅ ဦးတို့အား အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါ ကာကွယ်ရေးအသိပညာပေး ဟောပြောဆွေးနွေးပြီး ကာလသားရောဂါရှိ၊ မရှိကို စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ခုခံအားကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးဌာနက တောင်ကြီးမြို့ အကျဉ်းထောင်၏ တောင်လေးလုံး စိုက်ပျိုးရေးအလုပ်စခန်းတွင် အကျဉ်းသားများ၊ ရဲဘက်များအား အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးစဉ်။

(အကျဉ်းဦးစီး)

တိုက်ကြီးမြို့ အထကနှင့် အလက စတုတ္ထအကြိမ် အာစရိယ ပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

တိုက်ကြီးမြို့ အထက၊ အလက ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ အထကကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသိန်းအောင် (ဥက္ကဋ္ဌ) တိုက်ကြီးမြို့နယ်အသင်း ဖုန်း–၀၁–၅၂၆၁၆၄၊ ဦးတင်ငွေ (အတွင်းရေးမှူး) တိုက်ကြီးမြို့နယ်အသင်း ဖုန်း–၀၁–၂၂၁၇၄၅၊ ဦးမိုးကျော် ဖုန်း–၀၅၅–၂၀၀၅၁၊ ဦးမြဝင်းဖုန်း–၀၅၅–၂၀၁၀၄၊ ဒေါ်ကျင်နွဲ့ (သ/မ ဦးစီးဌာန) ဖုန်း–၀၅၅–၂၀၀၂၀၊ ၀၅၅–၂၀၂၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် နိုဝင်ဘာ ၁၈ ရက်က ပြုလုပ်သည့် ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV/AIDS ရောဂါ ကူးစက်ကာကွယ်ခြင်းသင်တန်း အသိပေးရှင်းလင်းပွဲတွင် UNICEF မှ ဒေါက်တာ ဒေါ်ဂရိတာသိန်း အမှာစကား ပြောကြားစဉ်။ (၂၃)

ယနေ့ မိုးလေဝသ

၁၉–၁၁–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ မွေးမြူရေးနှင့်စိုက်ပျိုးရေး ပံ့ပိုးဖြည့်ဆည်းပေး

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၃ရက် နံနက် ၈နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ လားရှိုး–မိုင်းယော်ကားလမ်းဘေး နားဖကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံကို သွားရောက်စစ်ဆေးကြည့်ရှုရာ အထွေထွေမန်နေဂျာ ဒေါက်တာသန်းရွှေနှင့် ခြံမန်နေဂျာ ဒေါက်တာဆွေလွင်တို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေ ဧက ၅၀၀၀ ဖော်ထုတ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ စီမံကိန်းမန်နေဂျာ ဦးခင်မောင်မြင့်က ဗလမင်းထင်ကုမ္ပဏီ(နားလျှံ)၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များကိုညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် လားရှိုး–မိုင်းယော်ကားလမ်းဘေးရှိ လူငယ်အားမာန်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ စိန်ဝတ်မှုံကုမ္ပဏီ ရော်ဘာဧက ၄၀၀၀ စိုက်ပျိုးရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ မန်နေဂျာ ဦးမျိုးရီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရော်ဘာမြေပေါင်စိုက်ခင်းနှင့် မျိုးသန့်ကိုင်းပွားစိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက်ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီ တစ်ဧကေ တန် ၅၀နှုန်း အထွက်ကောင်းကြံစိုက်ခင်းကိုသွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ဝက်မွေးမြူရေးခြံရှိ အသားတိုးဝက်ငယ်များ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် စိန်ဝတ်မှုံကုမ္ပဏီ ကြက်ဆူစေ့ဆီကြိတ်စက်ရုံနှင့် ကြက်ဆူပင်မြေပေါင်စိုက်ခင်း၊ မျိုးသန့်ကိုင်းပွားစိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူဘုရားကို သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် သုတေသနကြက်ဆူပျိုးဥယျာဉ်နှင့် ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ထုတ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် နောင်ချိုမြို့ ခြေမြစ်ပင်ကျေးရွာရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးပွားကြက်မွေးမြူရေးခြံသို့ ရောက်ရှိလာပြီး အထွေထွေမန်နေဂျာ ဒေါက်တာသန်းရွှေက ဘိုးဘွားမျိုး ရက်သားကြက်ပေါက်များ မွေးမြူထားရှိမှုကို မြေပုံ၊ ဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အောင်ရဲရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ပေါင်းမြက်ရှင်းလင်းခြင်း အခြေအနေများနှင့် စိန်တလုံးသရက်စိုက်ခင်းနှင့် သဘော်ပျိုးပင်များ စိုက်ပျိုးထားရှိမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သရက်ကုန်း ငါးမွေးမြူရေးစခန်းကို သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေးရှိ အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)မြို့နယ် အခွန်လွတ်ဈေးများ ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေးပြီး ဈေးနှုန်းသက်သာမှုရှိရန် မှာကြား

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇာဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း အရောင်းဆိုင်များမှ အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိကိုယ်တိုင်ထုတ်လုပ်သူများ၏ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း၊ သာကေတမြို့နယ် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ ရွှခင်းသာအခွန်လွတ်ဈေးသို့ လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အရောင်းဆိုင်များမှ အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သန့်ရှင်းလတ်ဆတ်မှုရှိ၍ ဈေးနှုန်းသက်သာမှုရှိစေရေး၊ အလေးချိန်မှန်ကန်မှု ရှိစေရေး၊ ဈေးများအတွင်း သန့်ရှင်း၍ စနစ်တကျရှိစေရန် တာဝန်ရှိသူအဆင့်ဆင့်က ဆင့်ကဲကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းရုံးသို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၁–၂၀၀၆ (တနင်္ဂနွေနေ့)

၁၃၆၈ခုနှစ်၊တန်ဆောင်မုန်းလကွယ်(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ ဝမ်ပုံရေလှောင်တမံ
၈း ၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Say it in English.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ Yan Can Cook.
၁၁း၅၀ ၅။ **မြန်မာရုပ်ရှင် “ကျွန်တော်နှင့်ကိုဘကျော်” (ကောလိပ်ဂျင်နေဝင်း၊ကျော်ဆွေ၊ ဇော်ဝမ်း၊တင်တင်ညို၊စံရှားတင်) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
၂း၁၅ ၆။ အကပြိုင်ပွဲ
၂း၂၅ ၇။ အရာတော်ရေလှောင်တမံ
၂း၃၅ ၈။ **“မနိုင်သောအရှုံး” (ဟက်ကက်၊ဇင်ရဲထက်၊ နိုင်သင်းကြည်)(ဒါရိုက်တာ– အေဝမ်းမောင်လှမျိုး)**
၂း၄၅ ၉။ International News.
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒ၊သတ္တဗေဒ၊ အထူးပြုများ) (ဓာတုဗေဒ)**
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅ ၆။ လက်ဆင့်ကမ်းအမွေ
၅း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ သီရိဂေဟာ
၇း၀၀ ၁၁။ Discovery.
၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဟောမန်ဆောင်းရဲ့ နေ့ရက်များ” (အပိုင်း–၂၆)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာပန်းတိုင်” (အပိုင်း–၃၈) (ဇာတ်သိမ်းပိုင်း)**
၁၇။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

OK Myanmar Co,Ltd. ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ် ဒေဝူး ရေခဲသေတ္တာပုံစံသစ်များ မိတ်ဆက်ရှင်းလင်းပြသပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဒေဝူးရေခဲသေတ္တာပုံစံသစ်များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် နိုဝင်ဘာ ၁၈

OK Myanmar Co., Ltd. ၏ ဒေဝူးရေခဲသေတ္တာပုံစံသစ်များမိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် Excel Treasure Tower ၁၀ထပ်ရှိ Crystal Jade Hall ၌ ကျင်းပရာ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် OK Myanmar Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က ဒေဝူးလျှပ်စစ်ပစ္စည်းများ တိုးချဲ့တင်သွင်း ဖြန့်ဖြူးမည့် အခြေအနေများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးမည့် ဝန်ဆောင်မှု အာမခံချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုမ္ပဏီဈေးကွက်ဖြန့်ဖြူးရေး အထွေထွေမန်နေဂျာ ဒေါ်သန့်သန့်ဇင်က ဖြန့်ဖြူးမည့် အစီအစဉ်များနှင့် ဒေဝူးရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် SANYO လေအေးပေးစက်များ ဝယ်ယူသုံးစွဲသူတိုင်းအား ကုမ္ပဏီက ဆုများကို ထိုက်ထိုက်တန်တန် ပြန်လည်ချီးမြှင့်ရန် စီစဉ်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီမှ အင်ဂျင်နီယာများက ဒေဝူးရေခဲသေတ္တာသစ်များ၏ အရည်အသွေး၊ တည်ဆောက်ထားပုံနှင့် ထူးခြားသည့် စွမ်းဆောင်မှုများကို ဆလိုက်ဖြင့် ရှင်းလင်းပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒေဝူးရေခဲသေတ္တာများသည် အရည်အသွေးကို ဦးစားပေးထုတ်လုပ်ထားပြီး ယခုဖြန့်ဖြူးမည့် ရေခဲသေတ္တာများထဲတွင် အအေးပေးစနစ်ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းညှိပေးသည့် အရည်အသွေးမြင့် အမျိုးအစားများ ပါဝင်သည်။ ကုမ္ပဏီအနေဖြင့် ရောင်းအားမြှင့်အစီအစဉ်ဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရန် စီစဉ်ထားပြီး ဒေဝူးရေခဲသေတ္တာနှင့် လေအေးပေးစက်ဝယ်ယူသုံးစွဲသူများအားလုံးအား ငွေကျပ် ၂၃၄ သိန်း တန်ဖိုးရှိ ဆုများကို ပြန်လည်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ရရှိသည့်ဆုများကိုလည်း ဝယ်ယူသည့်ဆိုင်များ၌ တစ်ပါတည်းလွယ်ကူစွာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များ၌ ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

အသေးစိတ် သိရှိလိုပါက ကုမ္ပဏီရုံးချုပ် အမှတ်(၁၆၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း–၃၉၂၉၈၆၊ ၃၉၂၉၈၇၊၃၇၇၆၂၇ နှင့် ၃၉၂၉၉၇၊ fax: ၃၉၂၉၉၈၊ ဒေဝူးအရောင်းပြခန်း အမှတ်(၂၀၁–၂၀၃)၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၂၄၁၀၇၇နှင့် ၃၈၇၆၄၄ နှင့် OK Myanmar Sale and Service Centre အမှတ်(ယ–၄/၂၈) ရန်အောင်(၁)(မြင်းရတနာရပ်တုအနီး) ရန်ကုန်–မန္တလေး လမ်းမဘေး ပျဉ်းမနားမြို့ ဖုန်း–၀၆၇–၂၂၉၅၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

OK Myanmar Co.,Ltd. ၏ ဒေဝူး ရေခဲသေတ္တာပုံစံသစ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အင်တာနက် အားကစားသတင်းများ

လီဗာပူးကွင်းလယ်ကစားကွက် အပြောင်းအလဲရှိမည်

လန်ဒန် နိုဝင်ဘာ ၁၈

လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမား မိုဟာမက်ဆစ်ဆိုကို ထိခိုက်ဒဏ်ရာရရှိထားခြင်းကြောင့် ယင်းအသင်း၏ ကွင်းလယ်ကစားကွက်အတွက် လူချင်းလဲလှယ်မှုများပြုလုပ်ရန် နည်းပြရာဖေးလ် ဘင်နီတက်ဇ်က စီစဉ်ထားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆစ်ဆိုကိုသည် ပခုံးရိုးအဆစ်လွဲမှုအတွက် ကြာသပတေးနေ့က ခွဲစိတ်ကုသမှုခံယူခဲ့သည်။ နိုဝင်ဘာ ၈ ရက်က ကားလင်းဖလား ဘောလုံးပြိုင်ပွဲတွင် ဘာမင်ဂမ်အသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ဆစ်ဆိုကို ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

မန်စီတီးအသင်းက ဖူလ်ဟမ်အသင်းကိုအနိုင်ရ

လန်ဒန် နိုဝင်ဘာ ၁၈

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာတွင် မန်ချက်စတာစီတီးအသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာစီးတီးအသင်း၏ တိုက်စစ်မှူး ဘားနတ်ဒိုကော်ရာဒီသည် ဂိုးမိုးခေါင်နေမှုကို ယခုပွဲတွင် အဆုံးသတ်လိုက်နိုင်သည်။

မန်စီတီးအသင်းသည် ပထမပိုင်းအတွင်းမှာပင် သုံးဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၁၂မိနစ်တွင် ကော်ရာဒီက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် ၎င်းကပင် ဒုတိယမြောက်ဂိုးသွင်းနိုင်ခဲ့သည်။ ပွဲချိန် ၄၅မိနစ်တွင် ဘာတန်က တတိယဂိုး သွင်းခဲ့သည်။

ဖူလ်ဟမ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၆၂မိနစ်တွင် ဂျွန်ကသွင်းယူသည်။

အင်တာနက်။

မန်စီတီး တိုက်စစ်မှူး ဘားနတ်ဒိုကော်ရာဒီ(ယာ)က ဖူလ်ဟမ်အသင်းမှ ဇက်နိုက်(အလယ်)အား ဖြတ်ကျော်နိုင်ရန် ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိုလံပစ်မာဆေးအသင်းမှ ဖရန့်ခ်ရစ်ဘာရီ ထိခိုက်ဒဏ်ရာရရှိ

မာဆေး နိုဝင်ဘာ ၁၈

ပြင်သစ်နိုင်ငံ အိုလံပစ်မာဆေးအသင်း၏ တောင်ပံဘောလုံးသမား ဖရန့်ခ်ရစ်ဘာရီသည် တံကောက်ကြောတွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ယခုနှစ် နှစ်ကုန်အထိ ဘောလုံးကစားနိုင်မည် မဟုတ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။ပြင်သစ်လက်ရွေးစင်အသင်း၏ ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ရစ်ဘာရီသည် ၎င်း၏အသင်းနှင့် ဂရိအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲတွင်လည်း ပါဝင်ကစားနိုင်ခြင်း မရှိပေ။

အင်တာနက်။

ဒေးဗစ်ဘက်ကဟမ်း ခွင့်တင်မှု ရီးယဲလ်မဒရစ်နည်းပြ မကျေမလည်ဖြစ်

မဒရစ် နိုဝင်ဘာ ၁၈

ဒေးဗစ်ဘက်ကဟမ်းသည် ဟောလိဝုဒ် ရုပ်ရှင်မင်းသား တွမ်ခရုစ်၏ ထိမ်းမြားလက်ထပ်ပွဲ အခမ်းအနားတက်ရောက်ရန် ခွင့်တင်ထားသည့်လုပ်ရပ်ကြောင့် ရီးယဲလ်မဒရစ်အသင်း၏နည်းပြမှာ မကျေမလည်ဖြစ်နေကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။ အင်္ဂလန်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်ဟောင်းဘက်ကဟမ်းသည် အီတလီနိုင်ငံ ရောမမြို့အနီးရှိ ရဲတိုက်ကြီးတွင် ယနေ့ကျင်းပမည့် တွမ်ခရုစ်၏ လက်ထပ်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်မည်ဟု အများက မျှော်လင့်ကြသည်။

ရီးယဲလ်မဒရစ်အသင်းသည် စပိန်လာလီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်အရ ရေးဆင်းဆန်တန်ဒါအသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိသော်လည်း ကွင်းလယ်ကစားသမား ဘက်ကဟမ်းမှာ ဒူးခေါင်း ထိခိုက်ဒဏ်ရာရရှိထားခြင်းကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိပေ။ ရီးယဲလ်မဒရစ်အသင်းနည်းပြ ဖာဘီယိုကာပယ်လိုသည် အီတလီနိုင်ငံသို့ ဘက်ကဟမ်းသွားရောက်ခြင်းကို မလိုလားဘဲ စပိန်နိုင်ငံတွင်သာ ကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်နေရန် လိုလားကြောင်း သတင်းများတွင်ဖော်ပြသည်။

အင်တာနက်။

ကမ္ဘာအေးကျောင်းတိုက် ဆရာတော်ကြီး ဝိဇာတမင်္ဂလာပူဇော်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ပုသိမ်မြို့ အမှတ်(၃)နယ်မြေ ကမ္ဘာအေးကျောင်းတိုက်၏ ဦးစီးပဓာန နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီရိန္ဒရမထေရ် မြတ်ကြီး၏ သက်တော် (၁၀၁)နှစ် ဝါတော်(၈၁)ဝါပြည့် ဝိဇာတ မင်္ဂလာပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက်မှစ၍ အဆိုပါကျောင်း၌ သုံးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ခဲ့ပြီး ဓမ္မကထိက ရတနာသီဂိကျောင်းတိုက်ဆရာတော် အရှင်နေမိန္ဒက ညတရားပွဲကျင်းပပေးခဲ့ကြောင်း သိရသည်။ထို့အပြင် နိုဝင်ဘာ ၁၄ရက်တွင် ပုသိမ်မြို့ မကျိုးပင်တန်းနေဦးကိုကိုလေး-ဒေါ်ဌေးဌေးဝင်း မိသားစုက ပုနောပသမ္ပဒါကံဆောင်ပူဇော်ပြီး**(ဓါတ်ပုံ)** အမြို့မြို့အနယ်နယ်မှ ကြွရောက်လာသော ရဟန်းရှင်လူ ဒည့်ပရိသတ်များအား သက်ကင်းဒံပေါက်ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)၊ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ကျင်းပရေးနှင့် မြန်မာ့ကရာတေးဒို အားကစားနည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ အမှုဆောင်များနှင့်အလှူရှင်များက ရန်ပုံငွေများကို ပေးအပ်လှူဒါန်းကြရာ LIZSTAR ကုမ္ပဏီများအုပ်စု SPORTS (a) ONE NIKE CENTRE မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်ခိုင်က ငွေကျပ် ၂၂သိန်းကို လည်းကောင်း၊ သုခကမ္ဘာ အထူးကုဆေးခန်းမှ ဒါရိုက်တာ ဗိုလ်မှူးသန့်ဇင်(ငြိမ်း)က ငွေကျပ်လေးသိန်းကိုလည်းကောင်း၊ မင်္ဂလာကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းကငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ MILLENNIUM GROUP မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇေယျာလှိုင်က ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ METROPOLITAN INDUSTRY Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးခင်ထွေးက ငွေကျပ်နှစ်သိန်း ကိုလည်းကောင်း၊ ရောင်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေးက ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ ၂၀၀၆ခုနှစ် အမျိုးသားတံခွန်စိုက်ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ကူညီပံ့ပိုးခဲ့သော မင်္ဂလာတောင်ညွှန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံ ပညာအထက်တန်းကျောင်းတို့အား ဂုဏ်ပြုဆုငွေကျပ်ငါးသောင်းစီကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပေးအပ်သည်။

ထို့နောက် မြန်မာ့လက်ရွေးစင်နှင့် ၂၀၀၆ခုနှစ်သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ၌ ဆုရအားကစားသမားများက ကရာတေးဒိုနည်းစနစ်များကို သရုပ်ပြကြသည်။

ယင်းနောက် အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက် ခတအမျိုးအစားပြိုင်ပွဲများ၊ အမျိုးသားတစ်ဦးချင်း နှင့် အသင်းလိုက် ခတအမျိုးအစားပြိုင်ပွဲများ၊ အမျိုးသမီး အမျိုးသားကုမိတဲ့ အမျိုးအစားအတန်းလိုက် ပြိုင်ပွဲများနှင့် အမျိုးသမီးအသင်းလိုက်နှင့် အမျိုးသားအသင်းလိုက် ကုမိတဲ့ ပြိုင်ပွဲများ စုစုပေါင်းပြိုင်ပွဲ၁၆ပွဲ ကျင်းပပြီးစီးသည်။

ဗိုလ်လုပွဲစဉ်များကို နိုဝင်ဘာ၁၉ရက် နံနက်၈နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် အဖွင့်အမှာစကားပြောကြားစဉ်။ (အား/ကာ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာဂေါက်သီးရိုက်အသင်းတွင် ကိုစိုင်းသီဟအောင်(ပြည်သိန်းကျော်) မြစ်ကျောက်စရစ်ရောင်းဝယ်ရေးသည် ကစားဖော်များဖြစ်ကြသော ဦးမြစိုး (ရွှေပြည်ဆောက်လုပ်ရေး)၊ ဦးကြည်ဝင်း (ကုန်သည်)၊ ဦးဌေးသိန်း(၆၆၆ အိမ်ဆောက်ပစ္စည်း)ဘုရင့်နောင်တို့နှင့် အတူ ၁၆-၁၀-၂၀၀၆ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်းတွင်ဂေါက်ရိုက်ကစားကြရာTitleist Pro VI No.(2) ဘောလုံးကို Ping Karsten Iron No. 7တိုက်ဖြင့်ရိုက်လိုက်ရာ ၁၅၄ ကိုက်ရှိ ကျင်းအမှတ်(၅)တွင်တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (က-ပ)

စကိုင်းလိုင်းယင်းကုမ္ပဏီ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ Sakura Tower ၌ Sky Lion Trading Co., Ltd. ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာအချိန် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၁ မိနစ်တွင် အဆိုပါ အဆောက်အအုံရှေ့၌ကျင်းပရာ တာဝန်ရှိပုဂ္ဂိုလ်များက Sky Lion Trading Co., Ltd.ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ခန်းမအတွင်းလှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ Sky Lion Trading Co., Ltd. ဖွင့်ပွဲအခမ်းအနားသို့ တာဝန်ရှိပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ Sky Lion Trading Co., Ltd.ဥက္ကဋ္ဌ ဦးစိုင်းမောင်မောင်မြင့်၊ Tianshi Group၏ ဥက္ကဋ္ဌ မစ္စတာလီကျင်းဟွမ်၊ အာရှပစိဖိတ်ဒေသဆိုင်ရာဥက္ကဋ္ဌ မစ္စတာဘိုင်ဖုန်း၊ Tianshi Group ၏ မြန်မာနိုင်ငံဆိုင်ရာ အထွေထွေမန်နေဂျာ မစ္စတာလီထရယ်ကန်း၊ ဗီယက်နမ်ဒေသဆိုင်ရာ မန်နေဂျာ မစ္စတာယီကုန်၊ Tianshi Groupမှ ဒါရိုက်တာ မစ္စတာပီတာကောင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် Sky Lion Trading Co., Ltd. ၏ မိသားစုတွေ့ဆုံပွဲ အခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာTianshi Group ၏ မြန်မာနိုင်ငံ ရုံးခွဲတာဝန်ခံ General Manager, Mr. Li Tie Gangက ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Tianshi Group ၏ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**

ယင်းနောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အကနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားအစီအစဉ်များကို ကျင်းပသည်။ (သတင်းစဉ်)



- Electric Power Systems
- Ventilation and Air-conditioning Systems
- Industrial Boiler Systems
- Water Treatment Systems

GUNKUL ENGINEERING SUPPLY CO., LTD.
No.437(A), Pyay Road, Kamayut Tsp.,Yangon.
Tel : 951-502016~18, 525682, 704726,247184 Fax : 951- 527604
Email : contact@gkmyanmar.com.mm

(for local service only)

GUNKUL ENGINEERING is a leading Engineering firm specializing in the field of Electrical Power, Ventilation & Air-conditioning, Industrial Boiler and Water Treatment.

We are looking for experience professional with the creative, global thinking, pro-active and self motivated candidates for the following position;

1. Project Engineer	**(M)**	**-**	**(2) posts**
2. Finance & Accounts Executive	**(M/F)**	**-**	**(1) post**
3. Admin & HR Executive/Business Coordinator	**(F)**	**-**	**(1) post**

Required Qualification and Experience;

For Item No(1)

* Bachelor or Master Degree in Engineering (Electrical Power) or Equivalent with sales & marketing/project management experience is preferred.

For Item No(2)

* Bachelor Degree in Accounting, Finance or related fields. ACCA or higher will be an advantage.

For Item No(3)

* Any Diploma or Degree in commercial or secretarial duties preferred.

For All Items

* At least 3 to 5 years experience in related fields.
* Age 25 years and up
* Good command of Business English
* Good leadership and managerial skills

Please send CV together with the required documents, recent photo and labour registration card by mail to: ***HR Department***, No. 437 (A), Pyay Road, Kamayut P.O., 11041, Yangon not later than 10th December 2006. Ph. 502016, 502017, 502018. E-mail: contact@gkmyanmar.com.mm

လေကြောင်းအတတ်သင်လေတပ်စခန်း အမှတ်(၁)လေယာဉ်မောင်းသင်တန်းကျောင်း အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်း ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ မိတ္ထီလာမြို့တွင် ကျင်းပ

နေပြည်တော်　　နိုဝင်ဘာ　　၁၈

တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်းကျောင်း အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်း ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ အထိမ်းအမှတ် ဂုဏ်ပြု ညစာစားပွဲကို နိုဝင်ဘာ ၁၇ ရက် ည ၇နာရီတွင် မိတ္ထီလာမြို့ ရှမ်းတဲရှိ လေကြောင်းအတတ်သင် လေတပ်စခန်း သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင်နှင့် တပ်မတော်(လေ)မှ လေတပ်စခန်းဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မိတ္ထီလာတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၊ ယင်းတို့၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတက်ရောက်

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်းအမှတ်(၁) လေယာဉ်မောင်းသင်တန်းကျောင်း အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်းကျောင်းဆင်း တောင်ပံ အပ်နှင်းပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြု ညစာ စားပွဲတွင် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများက ကျောင်းဆင်း လေသူရဲများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များက မိမိတို့ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ရှေးရှု ပြောင်းလဲလာသော စီးပွားရေးပုံသဏ္ဌာန်၊ ကုန်သွယ်မှုစနစ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက် စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ဒေသဝမ်းစာဖူလုံရေး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုး

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံ ဒီဂရီကောလိပ်တွင် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အဝေးသင်တက္ကသိုလ်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော်　　နိုဝင်ဘာ　　၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် လိုက်ပါလျက် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်သို့ သွားရောက်၍ နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ကိုကိုက ခြံစည်းရိုးကြက်ဆူပင်နှင့် ရော်ဘာ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးရန်နှင့် စိုက်ပျိုးပြီး အပင်များ ရှင်သန်ဖွံ့ဖြိုးမှုရှိစေရန် ပြုစုပျိုးထောင်ခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဆွပေးခြင်း၊ မြေဩဇာ ထည့်ခြင်းတို့ကို လိုအပ်သကဲ့သို့ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်း၊ နှစ်ရှည်ပင်စက်မှု ကုန်ကြမ်းသီးနှံ ရော်ဘာကို တောင်ကုန်းများ၊ မြေလွတ်မြေလပ်များ၌ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးသွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

တြိဂံဒေသတိုင်း စစ်ဌာနချုပ်အနေဖြင့် ယခုနှစ်တွင် ရော်ဘာဧက တစ်သောင်းနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၏ စီမံဆောင်ရွက်မှုဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ရော်ဘာဧက ၅၅၀၀၀ ကို စိုက်ပျိုးပြီးဖြစ်သည်။ လာမည့်နှစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ***